# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ–၁၇၀)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် အင်္ဂါနေ့။ Tuesday, 13 October 2026 ၁၂၃၃၀


## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်လေဆိပ်သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၂

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**သတင်းစာ နေ့စဉ်ကြည့်ရှုပါ - သတင်းထူးပါလျှင် ပြောပါလား**


ဆောင်းပါး စာမျက်နှာ » ၁၁


## ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား အလုပ်အကိုင်ရရှိရေးအတွက် မလေးရှားနိုင်ငံသို့ စတင်စေလွှတ်

နေပြည်တော် အောက်တိုဘာ ၁၂

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သူများအနက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကို ၎င်းတို့ဆန္ဒပြုသည့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ထိုသို့ သွားရောက်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့်အလုပ်အကိုင်များ ရရှိစေရေး၊ ဝန်ဆောင်ခများ သက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သွားရောက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ စာရင်းပြုစုခြင်း၊ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းပို့ချခြင်းနှင့် စေလွှတ်ရေးလုပ်ငန်းစဉ်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုကြောင်း ဆန္ဒပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနက် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား


စာမျက်နှာ ၄ ကော်လံ ၁ သို့ ○


## လမ်းဖြတ်ကူးရာတွင် သတ်မှတ်နေရာမှ ဖြတ်သန်းခြင်းမပြုပါက ထိရောက်စွာအရေးယူမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းအသုံးပြုသူပြည်သူများအနေဖြင့် လမ်းဖြတ်ကူးရာတွင် သတ်မှတ်ထားသည့်နေရာမှ ဖြတ်သန်းခြင်းမပြုပါက အောက်တိုဘာ ၁၂ ရက်မှစ၍ ထိရောက်စွာ အရေးယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ သိရသည်။

စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းဖြတ်ကူးရန် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒





သတ်မှတ်ထားသည့် ခုံးကျော်တံတားပေါ်မှ ဖြတ်သန်းခြင်းမရှိသူများကို တွေ့မြင်ရစဉ်။




ကြေးမုံ

# နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရေး နိုင်ငံချစ်စိတ်ဖြင့်ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအခြေခံအားပြုနေသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံ့စီးပွားမြင့်မားရေး၊ လူမှုစီးပွားတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လယ်ယာကဏ္ဍမြင့်မားတိုးတက်ရေး ဆောင်ရွက်ရာတွင် လယ်ယာထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး၊ MSME လုပ်ငန်းများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန် တိုးတက်လာစေရေးအတွက် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ပြီးခဲ့သည့်လက ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် လယ်ယာကဏ္ဍတွင် အဓိကပါဝင်လုပ်ကိုင်နေကြသူများ၊ လယ်ယာကဏ္ဍနှင့်ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် တိုးတက်ဖြစ်ထွန်းမှုများနှင့် ကြုံတွေ့နေရသော အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အကြံပြုချက်များ၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် မူဝါဒနှင့် Action Plan များအဖြစ်ပြောင်းလဲပြီး Agro-based Industries ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံချစ်စိတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်ကို ချမှတ်ထားသည်။ အဆိုပါဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ကာ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပြီး တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

ယခုအောက်တိုဘာလနှင့် နိုဝင်ဘာလများသည် မိုးသီးနှံများ ရိတ်သိမ်းချိန်နှင့် ဆောင်းသီးနှံများ စတင်စိုက်ပျိုးချိန်ဖြစ်သည်။ ထိုကာလအတွင်း တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးခြင်း၊ ရေသွင်းခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့အတွက် လိုအပ်သောစက်သုံးဆီကို နိုင်ငံတော်က လအလိုက် အခွန်ကင်းလွတ်ခွင့်ပြု၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကြောင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်၊ တောင်သူဝင်ငွေ၊ စိုက်ပျိုးထုတ်ကုန်ဈေးနှုန်းနှင့် စားရေရိက္ခာဈေးနှုန်းများအပေါ် သက်ရောက်မှုရှိလာမည်ကို သတိပြုရမည်ဖြစ်သည်။ ဆီထွက်သီးနှံများ အောင်မြင်စွာဖြစ်ထွန်းပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေး ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်တွင်းစားသုံးမှုဖူလုံအောင်ထုတ်လုပ်ပြီး ပိုလျှံမည်ဆိုပါက ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည့် ဈေးကွက်လိုအပ်ချက်များရှိပြီးဖြစ်သည်။ ဆီထွက်သီးနှံများ အောင်မြင်စွာထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်သုံးဆီနှင့် ချေးငွေ စသည့်လိုအပ်ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ အခြေခံစားကုန်သီးနှံများအနေဖြင့် ဒေသဈေးကွက် လိုအပ်ချက်မြင့်မားစွာရှိနေသဖြင့် အထွက်နှုန်းတိုးတက်ရေး၊ ဈေးကွက်မြှင့်တင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြင့်မားတိုးတက်ရေး ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုသည်။ အရည်အသွေးကောင်းသည့်ဆန်ကို ပြည်ပသို့တင်ပို့လျက်ရှိရာ အရည်အသွေးကောင်းမွန်သည့် မျိုးစပါးများစိုက်ပျိုးရန်၊ ဆန်စက်များ အရည်အသွေးမြှင့်တင်ရန်နှင့် ဈေးကွက်ရရှိရန်လိုအပ်သည်။ ဆန်ကွဲကို ပြည်ပသို့တင်ပို့ခြင်းအစား ဆန်ကို အရည်အသွေးမြင့်ထုတ်ကုန်အဖြစ် အဆင့်မြှင့်ထုတ်လုပ်သွားနိုင်ပါက နိုင်ငံ့ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ကျင်းပပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများသည် အထောက်အပံ့ကောင်းများဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံကောင်းများရှိပြီးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတ လမ်းညွှန်မှာကြားချက်များနှင့်အညီ တောင်သူလယ်သမားများ၏ လက်တွေ့အတွေ့အကြုံများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကြံဉာဏ်ကောင်းများပေါင်းစပ်ကာ လက်တွေ့ကျကျ မှန်မှန်ကန်ကန် အလုပ်လုပ်ကြမည်ဆိုပါက နိုင်ငံ့စီးပွားမြင့်မားတိုးတက်ပြီး ပြည်သူများ လူမှုစီးပွားဘဝများ တည်ငြိမ်မြင့်မားတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၂

ယနေ့နံနက် ၇ နာရီ ၅၈ မိနစ် ၄၆ စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အရှေ့ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၂၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## (၁၂-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၈၀၉,၂၈၆.၄၈ | ၅,၁၈၈,၀၀၀.၀၀ | ၂၃,၄၇၈,၁၁၂.၆၆ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၂ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၁၀ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၉,၀၀၀ | ၁၉,၀၀၀ | ၅၀၁ | ၉,၃၅၄,၀၀၀ |
| MTSH | ၈,၅၀၀ | ၈,၆၀၀ | ၃,၁၈၃ | ၂၇,၀၈၄,၆၀၀ |
| MCB | ၁၃,၀၀၀ | ၁၂,၀၀၀ | ၁၈၀ | ၂,၂၄၇,၀၀၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၈ | ၅၆,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၅၇ | ၁၈၂,၄၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၃,၁၁၀ | ၅,၂၈၇,၃၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၅ | ၂၁,၅၀၀ |
| MAEX | ၆,၅၀၀ | ၆,၅၀၀ | ၂၆၅ | ၁,၆၉၇,၄၀၀ |
| MADPL(PLB) | ၆,၂၀၀ | ၆,၂၀၀ | ၃၉၂ | ၂,၄၃၀,၄၀၀ |
| ASPGB(PLB) | ၅,၉၀၀ | ၅,၉၀၀ | ၂,၀၁၉ | ၁၁,၉၁၂,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထားဝယ်လေဆိပ်အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရိုးရာယဉ်ကျေးမှု အဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု**

ထို့နောက် လေဆိပ်အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဝင်းမင်းတို့က ထားဝယ်လေဆိပ်ဆိုင်ရာ အချက်အလက်များ၊ ထားဝယ်လေဆိပ် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းတို့အား ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့်လေယာဉ်ဆိုက်ရောက်ပျံသန်း ဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအား ကြိုတင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်းသက်နိုင်ရေးနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် ရေဝပ်ဧရိယာများမရှိစေရေး ရေနုတ်မြောင်းများ စနစ်တကျ တွက်ချက်ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်းနှင့်လေယာဉ်ပြေးလမ်းဘယ်ညာ လမ်းပခုံးမြေသားများ စနစ်တကျဖော်ဆောင်ခြင်း၊ ပြေးလမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်**

ဆက်လက်၍ ထားဝယ်မြို့ ညောင်ရမ်း(တောင်) ရပ်ကွက်ရှိ ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက်အတွင်း စာဖတ်ခန်း၊ E-Library၊ သုတစာအုပ်စင်နှင့် စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်များ စနစ်တကျထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အများပြည်သူအသိဉာဏ်ပညာဗဟုသုတတိုးပွားလာစေရန်နှင့် စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေး စာကြည့်တိုက် လုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ စာဖတ်သူများ ပိုမိုတိုးပွားလာစေရေး အားပေးစည်းရုံးဆောင်ရွက်သွားရန်၊ စာကြည့်တိုက်တွင် သုတ၊ ရသ စာအုပ်စာစောင်များ အမြဲမပြတ် ဖြည့်ဆည်းပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

**ရွှေဝယ်သီရိ အားကစားကွင်း**

ယင်းနောက် ရွှေဝယ်သီရိ အားကစားကွင်းသို့ ရောက်ရှိကြပြီး ပွဲကြည့်စင်အသစ်တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အားကစားကွင်းအတွင်းလှည့်လည် ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပွဲကြည့်စင်အသစ် တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေး၊ အားကစားကွင်းအား စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးနှင့် အထူးတန်းအပါအဝင် ပွဲကြည့်စင်သစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ထားဝယ်မြို့အတွင်းနှင့် ကမ်းနားလမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးမှု၊ ကမ်းနားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်**

ဆက်လက်၍ ဆန်းချီရပ်ကွက် ကမ်းနားလမ်းရှိ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအလှရှုခင်းများပြခန်း၊ ဆလုံတိုင်းရင်းသားပြခန်း၊ ရိုးရာပွဲတော်များပြခန်း၊ ရိုးရာလက်မှုလုပ်ငန်းများပြခန်း၊ ကျောက်ခေတ်လူသားများနေထိုင်သည့်ဂူနှင့် ကျောက်ခေတ်သုံး လက်နက်များ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းဝင် အသုံးအဆောင်ပစ္စည်းများ၊ တနင်္သာရီဒေသ၏သမိုင်းကြောင်းစဉ်လာနှင့် ရှေးဟောင်းမြို့တော်များ ပြခန်း၊ ရိုးရာစီးပွားရေး လုပ်ငန်းများ ပြခန်းတို့ကို ပြခန်းတစ်ခုချင်းစီ အလိုက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်သမ္မတသည် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြတိုက်အတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည် ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်အမွေအနှစ်များဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြု စောင့်ရှောက်ထိန်းသိမ်းသွားရန် လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းမြို့တော်များ၏ ပုံစံငယ်ပြသထားရှိမှုအား ခေတ်စနစ်နှင့်လျော်ညီစွာ ပြန်လည်ပြုလုပ်ပြသသွားရန်လိုကြောင်း၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများမှ ဖော်ပြချက်များအား ရေရှည်မပျောက်ပျက်စေရေးနှင့် နောင်လာနောက်သားတို့ သိရှိနိုင်ရေး နည်းပညာအသုံးပြု၍ ပြန်လည်ကူးယူထိန်းသိမ်းခြင်း၊ ဖော်ပြချက်များ၏ အဓိပ္ပာယ်နှင့် သမိုင်းနောက်ခံများအား ရှေးဟောင်းသုတေသနဆိုင်ရာ ကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ သုတေသနပြုလုပ် ဖော်ထုတ်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာ စာပေယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်သွားရန် လိုကြောင်း၊ ပြခန်းများအလိုက် ရှေးဟောင်းပစ္စည်းများ၊ စေတီပုထိုးများ၊ ဘုရားများတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများ လွယ်ကူရှင်းလင်းစွာ သိရှိနိုင်ရေး အကြောင်းအရာများ၊ ခုနှစ်၊ သက္ကရာဇ်များ၊ သက်တမ်းများကို ဖော်ပြထားရန်လိုကြောင်း။

ပြတိုက်သို့ ရပ်နီးရပ်ဝေးမှ လာရောက် လေ့လာကြသူများအပြင် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ အခြေခံပညာကျောင်းသား ကျောင်းသူများအနေဖြင့်လည်း လာရောက်လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့်လူမျိုး၊ မိမိတို့ဒေသ၏ သမိုင်းကြောင်း အစဉ်အလာ၊ အမျိုးသားရေး လက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများနှင့် ဒေသထုတ်ကုန်များ အစရှိသဖြင့် မိမိဒေသရပ်ရွာအပေါ် ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့် လူမျိုး၊ ဒေသကို ချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ် ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံ (Indoor Stadium)**

ထို့နောက် ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆောက်အအုံ (Indoor Stadium) တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများနှင့် ထားဝယ်မြို့ ကမ်းနားလမ်းအား အပိုင်းအလိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေဝယ်သီရိအားကစားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ရှိ ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆောက်အအုံ တည်ဆောက်ရာတွင် ရေရှည်အတွက် စနစ်တကျတွက်ချက်၍ ခေတ်နှင့်အညီ အဆင့်အတန်းမီမီ တည်ဆောက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်သွားရန် လိုကြောင်း၊ ထားဝယ်မြို့ ကမ်းနားလမ်းအား နှစ်လမ်းသွားမှ လေးလမ်းသွားလမ်းမကြီးအဖြစ် ယာဉ်များ လမ်းဘေးချရပ်နိုင်သည့် ယာဉ်ချရပ်များ၊ ဆိုင်ကယ်စီးနင်း သွားလာနိုင်သည့် လမ်းများ အပါအဝင် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ထားဝယ်မြို့အတွင်းရှိ လမ်းများအား အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင် နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပိုမိုများပြားလာနိုင်မှုအပေါ် မူတည်တွက်ချက်၍ လမ်းများကို စနစ်တကျ တိုးချဲ့ဖောက်လုပ်သွားရန် လိုကြောင်း၊ လမ်းဘေးဝဲ၊ ယာ တစ်လျှောက်နှင့် လူနေရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာများကောင်းမွန်နေစေရေး ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ထားရှိရန်နှင့် ရေမြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှု မရှိစေရေး အမြဲမပြတ်ဖယ်ရှားရှင်းလင်းသွားရန် လိုကြောင်း၊ လမ်းဘေးဝဲ၊ ယာ တစ်လျှောက် လမ်းမီးတိုင်များ စနစ်တကျ တပ်ဆင်ထားရှိရန်နှင့် ရာသီဥတုဒဏ်ကိုခံနိုင်သည့် အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ **လမ်းဖြတ်ကူးရာမှ**

လူကူးမျဉ်းကျားနှင့် ခွင့်ပြုထားသောနေရာများမှ လမ်းဖြတ်ကူးရမည်ဖြစ်ပြီး စည်းကမ်းလိုက်နာမှု မရှိပါက ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

"လမ်းဖြတ်ကူးသူတွေအနေနဲ့ သတ်မှတ်ထားတဲ့ လူကူးမျဉ်းကျား၊ ခုံးကျော်တံတား၊ မြေအောက်လမ်းကနေ ဖြတ်သန်းဖို့ ပညာပေးကာလအဖြစ်ဆောင်ရွက်ခဲ့ပြီးပါပြီ။ ဒီနေ့ကစပြီး အရေးယူမှု စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးလိုတဲ့အတွက် အခုလို ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ စုမှူး ဒုရဲမှူးမိုးဝင်းက ပြောသည်။

သက်ဆိုင်ရာမြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့များက ပြည်သူများ လူကူးမျဉ်းကျားနှင့် ခုံးကျော်တံတားကို စနစ်တကျဖြတ်သန်းသွားလာ အသုံးပြုကြရန် အသိပညာပေးကာလ သတ်မှတ်ပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဆူးလေခုံးကျော်တံတား၊ ပန်းဆိုးတန်းခုံးကျော်တံတား၊ ဗိုလ်တထောင်ဘုရား ခုံးကျော်တံတား၊ စမ်းချောင်းမဟာမြိုင်ခုံးကျော်တံတား၊ လှည်းတန်းခုံးကျော်တံတား၊ ဗိုလ်ချုပ်ဈေးခုံးကျော်တံတားနှင့် ကမ္ဘာအေးဘုရားခုံးကျော်တံတားတို့တွင် နေ့စဉ်ပြည်သူအများအပြား သွားလာလျက်ရှိပြီး ခုံးကျော်တံတားကို အသုံးမပြုဘဲ တံတားအောက်မှ စည်းကမ်းမဲ့စွာ ဖြတ်သန်းသွားလာမှုကြောင့် ယာဉ်ကြော ပိတ်ဆို့မှုများ၊ လူနှင့်ယာဉ် ထိခိုက်မှုများ ဖြစ်ပွားလေ့ရှိသည့်အတွက် အောက်တိုဘာ ၁၂ ရက်မှ စတင်ကာ သတ်မှတ်စည်းကမ်းများကို လိုက်နာမှု မရှိသူများအား ဒဏ်ငွေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဇွဲမာန်**



ခုံးကျော်တံတားပေါ်မှ ဆက်လက်ဖြတ်သန်းနိုင်ရန် လက်ကမ်းစာစောင်များဖြင့် အသိပညာပေးဆောင်ရွက်စဉ်။

❍ **ပြည်သူ့စစ်မှုထမ်းမှ**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် Golden Plant Services Co., Ltd. အစီအစဉ်ဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်နိုင်ရေး စတင်စေလွှတ်ပေးနိုင်ခဲ့ပြီး မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။

ဆက်လက်၍ ထိုင်းနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးနှင့် မလေးရှားနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးတို့အား အမြန်စေလွှတ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ပြီးစီးခဲ့သူများနှင့် ၎င်းတို့၏မိသားစုဝင်များ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်တိုးတက်လာရုံမျှမက အနာဂတ်အတွက် ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဝေါမြို့နယ်၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ဝေါ အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြစ်ကျိုး တိုက်နယ်ဆေးရုံမှ ဒေါက်တာ ကျော်မြင့်အောင် ဦးဆောင်ကာ မြစ်ကျိုးတိုက်နယ် ကျန်းမာရေး ဌာနမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သောအဖွဲ့သည် မြစ်ကျိုး မြို့မဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ပြည်သူလူထု ၁၄၅ ဦးအား အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များအကြောင်းနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။



ထို့နောက် မြစ်ကျိုးဈေးအတွင်း အပူဒဏ်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကော့ကရိတ်မြို့၌ မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ကော့ကရိတ် အောက်တိုဘာ ၁၂**

ကရင်ပြည်နယ်အတွင်း မိုးစပါးလျာထားဧကပြည့်မီကျော်လွန်ရေးနှင့် အထွက်နှုန်းပိုမိုတိုးတက်ရရှိစေရန် ရည်ရွယ်၍ မျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်မျိုးစုံဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ဒေါဖျာကျေးရွာအုပ်စု၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမြင့်က တောင်သူများ နည်းစနစ်မှန်စိုက်ပျိုးနိုင်ရေး ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက စက်မှုလယ်ယာထွန်စက်ပစ္စည်းများနှင့် ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး မြေအသုံးချရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက သဘာဝမြေဩဇာပြုလုပ်နည်းကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညို၍ နိုင်ငံတော်သမ္မတက ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီး ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်ရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စား စေတီတော်မြတ်ကြီးရှိ မဟာဝိဇယခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး သိမ်တော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စား စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး



ထားဝယ်မြို့ရှိ ရွှေတောင်စားစေတီတော်မြတ်ကြီးအား တွေ့ရစဉ်။

ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်၊ စေတီတော်ကြီးရင်ပြင်တော်ရှိ အက်ကွဲပျက်စီးလျက်ရှိသည့် ကြွေပြားများအား ပြန်လည်ပြုပြင်လဲလှယ်သွားရန်နှင့် ရင်ပြင်တော်အား အမြဲသန့်ရှင်းနေစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**သက်တော်ရှည် ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများအား သွားရောက်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် သက်တော် (၁၀၄)နှစ် ဝါတော်(၈၄)ဝါတော်ရှိ သက်တော်ရှည် ဆရာတော်ကြီးဖြစ်သော ထားဝယ်မြို့ ဇေယျဝတီစာသင်တိုက် ပဓာန နာယက ဂဏဝိမုတ်ကူးတို့ ဂိုဏ်းချုပ်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရိန္ဒမအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ အမြဲမပြတ်စောင့်ကြည့်ပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံအဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေတောင်စားစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာ သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။





## ပုသိမ်မြို့၌ အသိပညာပေးစာစောင်များ ဖြန့်ဝေ

**ပုသိမ် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အယ်လ်နီညိုဖြစ်စဉ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးစာစောင်များကို ယနေ့နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက် မင်းကြီးလမ်း ပုသိမ်ပြည်သူ့ဆေးရုံကြီး ကိုးထပ်ဆောင်ရှေ့နှင့် ရွှေစေတီလမ်း၊ မြို့မဈေးနှင့် ရွှေမုဋ္ဌောဘုရားမြောက်ဘက်မုခ်ရှိ ဈေးဆိုင်ခန်းများ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အဆင့်



ဌာနဆိုင်ရာများ၊ ပုသိမ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ပုသိမ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များက ပူးပေါင်းဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

❖

## ထီးချိုင့်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ထီးချိုင့် အောက်တိုဘာ ၁၂**

စစ်ကိုင်း တိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသော ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ရရှိနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မြို့နယ်စီမံကိန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က သွားရောက်အားပေးသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိက ကြီးကြပ်ဦးဆောင်ကာ သက်ဆိုင်ရာ ဌာနဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ပူးပေါင်း၍ စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၄၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း(ထီးချိုင့်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကို စောင့်ရှောက်ခြင်းဖြစ်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ကျန်းမာရေး ဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အငြိမ်းစားကျန်းမာရေးဝန်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်)များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် မြန်မာကွန်ဗင်းရှင်း စင်တာသို့ ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းမောင်မယ်များက "ကျန်းမာစေသောလက်" တေးသရုပ်ဖော် သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးသည့်နေ့ ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားမှုအဆင့်တစ်ခုပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့် ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိမည့် ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်း အတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုက မိမိတို့အပေါ် ယုံကြည်အပ်နှံလိုက်သော တာဝန်ကို ကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့်စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံး အသုံးချကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့ နေနိုင်ရေးအတွက် **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"** ဆိုသည့်မူဝါဒနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထား ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း။

ထို့အပြင် **"ဆေးရုံရှိလျှင်၊ ဆရာဝန်ရှိရမည်"** ဆိုသည့် အဓိကရည်မှန်းချက်ကို ပြည့်ဝစေရေး အလေးထားပြီး မြို့ပြနှင့် ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ မြန်မာပြည်သူလူထု၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို နှစ် ၇၀ ကျော် တိုးမြှင့်လာစေရန် ရည်မှန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားသွန်ခွန်စိုက် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးအသုံးစရိတ်သည် ၂၀၁၀ ပြည့်နှစ်တွင် စုစုပေါင်း အစိုးရအသုံးစရိတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သော်လည်း ယခု ၂၀၂၆ – ၂၀၂၇ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၃၉၁ ဘီလီယံကျော်အထိ တိုးမြှင့်ပေးထားပြီး ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုယန္တရားကြီးတစ်ခုလုံး ပြည့်စုံကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအား

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက် ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများ ပေးအပ်စဉ်။

- ❖ **မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားမှုအဆင့် တစ်ခုပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့်ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုလည်းဖြစ်**
- ❖ **ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိမည့် ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်း အတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုက မိမိတို့အပေါ် ယုံကြည်အပ်နှံလိုက်သောတာဝန်ကို ကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်**
- ❖ **အဆိုပါ ယုံကြည်မှုကိုတန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့်စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံး အသုံးချ**

☆ စာမျက်နှာ ၆ မှ
အရင်းအမြစ်များ ပြည့်ဝနေရန် အလွန် အရေးကြီးကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးတွင် ပြည်သူလူထုအားလုံး လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်အတွက် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့် မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ကို ထပ်မံဖွင့်လှစ် ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဆေးတက္ကသိုလ်ခြောက်ခုနှင့် ဆေးပညာနီးနွယ်တက္ကသိုလ် ၁၁ ခု စုစုပေါင်းတက္ကသိုလ် ၁၇ ခု ရှိလာပြီ ဖြစ်ကြောင်း။

ထို့အပြင် ဆေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်မီ အဖြစ် မျှော်မှန်းရလဒ် အခြေခံသည့် စုစည်းချိတ်ဆက် သင်ကြားခြင်းစနစ်ကို ပြောင်းလဲသင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Interprofessional Education) နှင့် လက်တွေ့ပူးပေါင်း ဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက် ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံမှုရှိစေရေးအတွက် လူသားအရင်းအမြစ်များကို နှစ်စဉ်စီမံချက်ဖြင့် လေ့ကျင့်မွေးထုတ်ပေး လျက်ရှိကြောင်း၊ နောင်လာမည့် ၅ နှစ်၊ ၁၀ နှစ်နှင့် ၁၅ နှစ်အတွက် ရည်မှန်းချက်ထားပြီး ရေတို၊ ရေရှည်စီမံချက်များကိုလည်း ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှု၊ အဆောက်အအုံနှင့် လိုအပ်သည့် ထောက်ပံ့ကြေးများကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်သည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အရေးကြီးသည့် အခြေခံအင်အားတစ်ရပ်ဖြစ်ကြောင်း၊ အလုပ်သင်ဆရာဝန်ကာလ အောင်မြင်ပြီးမြောက်ပြီးနောက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၌ ယခုကဲ့သို့ အလုပ်ဝင်ရောက်လာကြသည်ကို အထူးဝမ်းမြောက်မိကြောင်း၊ နိုင်ငံတော်ကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အများပြည်သူ လူနာများအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်လစ်လပ်နေရာများ မြန်မြန်ဆန်ဆန် ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် အလုပ်သင်ဆရာဝန်ကာလ ပြီးမြောက်ခဲ့သည့် မောင်တို့မယ်တို့ကို တိုက်ရိုက်ခန့်အပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် ဇူလိုင်လတွင်လည်း သစ်လွင်ဆရာဝန် ၁၂၇၆ ဦးနှင့် သစ်လွင် သွားနှင့်ခံတွင်း ဆရာဝန် ၂၃ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ယခုအခါ အဆိုပါဆရာဝန်များသည် တာဝန်ကျရာဒေသများတွင် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး ဆေးပညာဘွဲ့လွန် သင်တန်းများ ဝင်ခွင့်ဖြေဆိုရန် ပြင်ဆင်နေကြပြီဟု သိရှိရကြောင်း။

ထိုသို့ကျန်းမာရေး လူ့စွမ်းအားစုများကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အတူ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှ ပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ ဖြစ်လာအောင်လည်း ကြိုးစားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ နိုင်ငံတော် အနေဖြင့်လည်း ကျန်းမာရေး လူ့စွမ်းအားစုများကို သမားဂုဏ်နှင့်အညီ ဆေးပညာကျင့်ဝတ်များဖြင့် ပြည်သူလူထုကို ဦးထိပ်ထားပြီး ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ရန် စဉ်ဆက်မပြတ် မွေးထုတ်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း။

ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်သည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အလျောက် သက်ဆိုင်ရာနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အသီးသီးတို့တွင်လည်း လုပ်ငန်းခွင်အတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာနှင့် ခေါင်းဆောင်မှုဆိုင်ရာ ပညာရပ်များကို ဆက်လက်သင်ကြားလေ့လာသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေ့လာသင်ယူရာတွင် ဖွဲ့ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကြံ့ခိုင်မှု၊ သည်းခံမှုနှင့် စည်းကမ်းသေဝပ်မှု စသည့် အရည်အချင်းကောင်းများကိုလည်း မွေးမြူသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာပြီဖြစ်သည့်အတွက် မိမိ၏ပညာရပ်ဆိုင်ရာကျင့်ဝတ်ကို ထိန်းသိမ်းခြင်းနှင့်အတူ ရိုးသားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စည်းကမ်းရှိမှုနှင့် အများပြည်သူအပေါ် လေးစားမှုတို့ကို အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိ၏ လုပ်ဆောင်ချက်တစ်ခုချင်းစီသည် မိမိကိုယ်တိုင်၏ ဂုဏ်သိက္ခာသာမက ကျန်းမာရေးဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်နေသည်ကို အမြဲသတိပြုကြရန် လိုကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာနိုင်ရန် တာဝန်ထမ်းဆောင်ရမည့် ဆေးရုံများတွင် သင်တန်းပို့ချပေးရန်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ထားပြီးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မောင်တို့ မယ်တို့အနေဖြင့် မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲမြှင့်တင်နေကြရန်လိုကြောင်း၊ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများ

**❖ မောင်တို့ မယ်တို့အနေဖြင့် မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲ မြှင့်တင်နေကြရန်လို**

**❖ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများပေးကြရမည်**



ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက "သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့် တေးသရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက် ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများ ပေးအပ်စဉ်။

သဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများ ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆေးဘက်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာထိန်းသိမ်းပြီး လူနာကို နားထောင်ပေးခြင်း၊ လူနာနှင့် မိသားစုကို ရှင်းလင်းစွာရှင်းပြခြင်း၊ လူနာ၏ ကိုယ်ရေး အချက်အလက်နှင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်းနှင့် လူနာ၏ ဂုဏ်သိက္ခာကို လေးစားခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **မိမိတို့ Professional ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည့်၊ နိုင်ငံတော်မှ အားကိုးရသည့်၊ တာဝန်ယူမှုရှိသည့် လူနာဗဟိုပြု ဆရာဝန်ကောင်းများ ဖြစ်အောင် ကြိုးစားကြရန် လမ်းညွှန်မှာကြားလိုကြောင်း။**

ဆေး ပညာရပ်များသည် အမြဲတမ်း တိုးတက်ပြောင်းလဲနေသည် ဖြစ်သည့်အတွက် ယနေ့သိထားသည့် အသိပညာသည် မနက်ဖြန်တွင် ထပ်မံတိုးတက်ပြောင်းလဲဆန်းသစ် နေနိုင်ကြောင်း၊ ထို့ကြောင့် ဆေးပညာရှင် ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူလေ့လာကြရန် လိုအပ်ကြောင်း၊ ဘဝအတွက်၊ အသိပညာ ဗဟုသုတအတွက် စာဖတ်ခြင်းကို အမြဲမပြတ်ပြုလုပ်ရန်၊ အတွေ့အကြုံရှိသည့် ဆရာကြီးဆရာမကြီးများထံမှ သင်ယူလေ့လာကြရန်၊ မိမိတို့၏ လုပ်ဆောင်မှုများကို အမြဲပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့် ကုသမှုမျိုးပေးနိုင်အောင် ကြိုးစားကြရန်၊ သုတေသနပြုလုပ်ပြီး ဆန်းသစ်တီထွင်ကြရန်၊ ကုသရေးတွင် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့၏ ပညာရည် အဆင့်မြင့်မားလာစေရေးအတွက် မဟာဘွဲ့များ၊ ပါရဂူဘွဲ့များရရှိအောင်၊ အထူးကုများ၊ ပါမောက္ခကြီးများ ဖြစ်အောင် ဆက်လက်ကြိုးစား အားထုတ်သွားကြရန်လည်း အားပေး ပြောကြားလိုကြောင်း။

ယခုခေတ်တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု ဆေးကုသမှုများ၊ ဒီဂျစ်တယ်ကျန်းမာရေး၊ အွန်လိုင်းမှတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည့် ခေတ်မီတိုးတက်သည့် ဆေးဘက်ဆိုင်ရာ နည်းပညာများကိုလည်း လေ့လာကြရန် မှာကြားလိုကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းတိုးတက် မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယ ကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်စေရန် အလွန်အရေးပါသည့် အခမ်းအနား တစ်ခုဖြစ်ကြောင်း၊ ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိသည့် ခန့်အပ်လွှာသည် တာဝန်စတင်ခြင်းကိုသာ မဆိုလိုဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု၏ ယုံကြည်အပ်နှံမှုကို လက်ခံရရှိခြင်းလည်း ဖြစ်ကြောင်း၊ ယင်းယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ ကျန်းမာရေးအတွက် အကောင်းဆုံး အသုံးချကြရန်၊ ရှေ့ဆက်မည့် ဆရာဝန်ဘဝတွင် ပညာရပ်နှင့်ကျင့်ဝတ်ကို အခြေခံပြီး လူနာကို ဦးထိပ်ထားကြရန်၊ မိမိတာဝန်ကျရာ ဒေသကို တန်ဖိုးထားကြရန်၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် မှာကြားလိုကြောင်း။

**ပြည်သူ တစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကို စောင့်ရှောက်ခြင်းလည်းဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပညာနှင့် စေတနာကို ပြည်သူ့အကျိုးအတွက် အကောင်းဆုံး အသုံးချကြရန်၊ နိုင်ငံတော်မှ အားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူမှ ယုံကြည်အားကိုးရသည့် ကျန်းမာရေး ပညာရှင်များ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ဆရာဝန်(သစ်လွင်) ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်ရှည်ကျန်းမာစွာ နေထိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး လုပ်ငန်းရည်မှန်းချက်အပေါ် လုပ်ငန်းဆောင်ရွက်ချက်များမှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက်ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှကျောင်းသားကျောင်းသူများက "သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့်တေးသရုပ်ဖော်ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖြေလျှော့ပေးရေး သဘောတူညီချက်အသက်ဝင်ရေးအတွက် အတည်ပြုစာချုပ်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့နိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်း အဝေးသို့ ၅၃၅ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၅၄ ရာခိုင်နှုန်း ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်း တင်သည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယက၏ ရှေ့မှောက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးပြီးဖြစ်သော ဒေါက်တာ မျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့က ကတိသစ္စာပြုကြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက နိုင်ငံတော် သမ္မတထံမှ ပေးပို့ထားသော ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် အစားထိုးခန့်အပ်တာဝန်ပေးလိုသော ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် ခန့်အပ်တာဝန်ပေးလိုသော ဒေါက်တာ ကိုကိုလွင်တို့အား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးပဉ္စမနေ့တွင် သဘောတူကြောင်း ကြေညာမည်ဖြစ်ပြီး ကန့်ကွက်လိုသူရှိပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသော သက်သေ အထောက်အထားဖြင့် ပြည်ထောင်စု လွှတ်တော်ရုံးသို့ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရ တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရ တို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး နှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် ရှင်းလင်းတည်ငြိမ်သော စည်းမျဉ်းစနစ်များဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးပါသည့် ဥပဒေရေးရာ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မတို့အရ ညီညွတ်ကိုက်ညီပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သည့် စာချုပ်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ အစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် ဝင်ငွေအပေါ်အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး နှင့် အခွန်တိမ်းရှောင်မှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်အား အတည်ပြုပေးနိုင်ရေး ထောက်ခံပါကြောင်း ဆွေးနွေးသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီးက ယခုချုပ်ဆိုသည့် စာချုပ်သည် နှစ်နိုင်ငံကြား အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်သည် အခွန်နှစ်ထပ်ကျသင့်မှုကို လျှော့ချနိုင်ခြင်း၊ အားပေးနိုင်ခြင်း၊ အခွန်ရှောင်တိမ်းမှုများနှင့် နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ တားဆီးနိုင်ခြင်း၊ နှစ်နိုင်ငံကြား အခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခြင်း၊ နှစ်နိုင်ငံ စီးပွားရေးကို ပိုမိုခိုင်မာစေခြင်း စသည့် အကျိုးကျေးဇူးကိုရမည် ဖြစ်ကြောင်း၊ အဆိုပါစာချုပ်သည် မြန်မာနိုင်ငံအတွက် စီးပွားရေး အကျိုးစီးပွား၊ အခွန်ထမ်းပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာရေးအကျိုးစီးပွားတို့အတွက် များစွာအကျိုးရှိသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်** က အခွန်နှစ်ထပ် ပေးဆောင်ရခြင်း သက်သာခွင့်ရရှိပါက ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်လုပ်ကိုင်လာနိုင်ခြင်း၊ နှစ်နိုင်ငံယုံကြည်မှု ပိုမိုတည်ဆောက် လာနိုင်ခြင်း၊ ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုမိုဖွံ့ဖြိုးလာခြင်း၊ အခွန်ရှောင်မှုနှင့် တရားမဝင်ငွေလွှဲပြောင်းမှုများမှ တားဆီးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းတို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ အစိုးရကြား ဝင်ငွေခွန်နှစ်ထပ် ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုများမှ ကာကွယ်ခြင်း သဘောတူစာချုပ်ကို မိမိတို့မြန်မာနိုင်ငံက လက်မှတ်ရေးထိုးမှုကို ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖေသန့်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးတို့က ဆွေးနွေးကြသည်။

အဆိုပါ သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း အစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကျော့ အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြုစာချုပ်လွှာအား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ASEAN အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်း ကဏ္ဍတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်း ကဏ္ဍနှင့် အခြားသောငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍအောက်ရှိ ကဏ္ဍခွဲများတွင်လည်းကောင်း ဖြေလျှော့ပေးမှုများ ရရှိခြင်းမှတစ်ဆင့် နိုင်ငံတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးကို အထောက်အကူဖြစ်စေပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အကျိုးရှိနိုင်သဖြင့် နိုင်ငံတော် သမ္မတထံမှ ပေးပို့လာသော နဝမအကျော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်နိုင်ရေး အတွက် ပြည်တွင်းအတည်ပြုရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးစီးကြောင်း အတည်ပြုစာချုပ်လွှာအား ပြင်ဆင်ပေးပို့နိုင်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန် တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်**က မိမိနိုင်ငံအနေဖြင့် အချိန်မီ သံတမန်နည်းလမ်းအတိုင်း "စာချုန်လွှာ" ပေးပို့ထားခဲ့ပါက အာဆီယံနိုင်ငံများ၏ ငွေကြေး ဝန်ဆောင်မှုတွင် ဖြေလျှော့ပေးမည့် သက်သာခွင့်ကိုလည်း ရရှိမည်ဖြစ်ပြီး အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ တုံ့ပြန်မှု အခွင့်အရေးများ မဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ယုံကြည်ကိုးစားမှုကို ရယူစေနိုင်ခြင်း စသည်ဖြင့် မိမိနိုင်ငံ ရခွင့်ရှိသည့်အခွင့်အရေးများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ အကယ်၍ မိမိနိုင်ငံအနေဖြင့် "စာချုန်လွှာ"ကို သံတမန်နည်းလမ်းအဖြစ် အချိန်မီ ပေးပို့ထားခြင်းမရှိခဲ့ပါက အဆိုပါ ကိစ္စသည် စာရွက်ထဲ၌သာ ရှိနေပြီး လက်တွေ့တွင် အာဏာ သက်ရောက်မှု မရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိနိုင်ငံအနေဖြင့် အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဖြေလျှော့ပေးရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ အဆိုပါစာချုပ် အသက်ဝင်စေရန် အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြု "စာချုန်လွှာ"ကို သံတမန်နည်းလမ်းဖြင့် အမြန်ဆုံး ပေးပို့ထားသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်**က အဆိုပါစာချုန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးတွင် စီးပွားရေးကုန်ကျစရိတ်များ လျှော့ချနိုင်ပါကြောင်း၊ ဒေသတွင်းဘဏ်များနှင့် အာမခံကုမ္ပဏီများအကြား ယှဉ်ပြိုင်မှုအားကောင်းလာသဖြင့် Digital Banking Fintech ဝန်ဆောင်မှုများနှင့် သက်သာသော ဝန်ဆောင်ခများ ခံစားခွင့် ရရှိစေပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အနေဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ပိုမိုလွယ်ကူစွာရယူနိုင်ပြီး ကုန်ကျစရိတ် သက်သာသော အာမခံအကာအကွယ်များ ရရှိစေပါကြောင်း၊ ပူးပေါင်းစောင့်ကြည့်ရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကြောင့်ငွေရေးကြေးရေးကပ်ဘေးနှင့် အကျပ်အတည်းများကို စုပေါင်းတွန်းလှန်နိုင်မည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နဝမအကျော့ အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်သည် အာဆီယံဒေသတွင်း ငွေရေးကြေးရေးဈေးကွက်များ ခိုင်မာစွာ ပေါင်းစည်းရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးတို့အတွက် အရေးပါသော သဘောတူညီချက် ဖြစ်သဖြင့် အဆိုပါသဘောတူညီချက် အမြန်ဆုံးအသက်ဝင် အကောင်အထည်ဖော်နိုင်ရေး အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်တို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း အစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စု အစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသား စီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာ နှင့်စပ်လျဉ်း၍** အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဟန်ဝင်းအောင်က ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာတွင်ပါရှိသည့် ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး၊ စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဌာန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်သွယ်မှုကဏ္ဍ၌ ပို့ကုန်တင်ပို့နိုင်မှု၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၊ ပို့ကုန်တွင် ထပ်ဆင့်တိုးတန်ဖိုး ကုန်ပစ္စည်းများ၏ ပါဝင်မှု အခြေအနေ၊ ကုန်ပစ္စည်းအုပ်စု အလိုက် သွင်းကုန်အခြေအနေ၊ မြန်မာနိုင်ငံသို့ လာရောက်သည့်

စာမျက်နှာ ၉ သို့ ✦

✦ စာမျက်နှာ ၈ မှ

နိုင်ငံခြားသားခရီးသည်နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေ၊ လျှပ်စစ်ဓာတ်အား တပ်ဆင်အင်အားနှင့် အရင်းအမြစ်အလိုက် ပါဝင်မှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှု၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ၊ အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ကဏ္ဍအလိုက် တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့် ဧပြီလမှ မတ်လကုန် (ယာယီ)ထိ အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တိုးတက်မှုနှုန်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ပအကူအညီအထောက်အပံ့၊ နည်းပညာအကူအညီနှင့် ချေးငွေရရှိမှုအခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အခြေခံပညာကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရန်အတွက် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရန်နှင့် သင်ယူမှုအခွင့်အလမ်း မြင့်မားစေရန် ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းဆောင်အသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ဥပမိရပ်မကောင်းသည့်ကျောင်းနှင့် အဆောင်များပြင်ဆင်ခြင်းနှင့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများ နှစ်စဉ်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့မှု၊ အခြေခံပညာ ကဏ္ဍအတွက် လိုအပ်လျက်ရှိသော ဆရာအရေအတွက်ရရှိရေးနှင့် ဆရာများ၏ အရည်အသွေး မြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းနှင့် ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ မြို့ပြနှင့် ကျေးလက်ဒေသများ၌ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ပေးရန်၊ မကူးစက်နိုင်သောရောဂါများ စောစီးစွာရှာဖွေကုသမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်ပေးရန်တို့အတွက် ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ သင်တန်းကျောင်းများမှ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁/၂၀၂၆)ကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးတေဇကျော်က လွှတ်တော်သို့ အစီရင်ခံစာအား ရှင်းလင်းဖတ်ကြား တင်ပြပြီး ပြည်ထောင်စု လွှတ်တော်က ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါနှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်မျက်အတွဲ ၇၀ ရောင်းချနိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၇၀ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ ကျောက်ခင်းကွင်းနေရာအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်း အတွဲများအတွက် ဈေးနှုန်း ပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲဆဋ္ဌမနေ့တွင် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ်(၁)မှ (၅၅၀) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ရာ အဆိုပါ ကျောက်စိမ်းအတွဲများ အတွက် ရောင်းချရသည့် အတွဲများကို အောက်တိုဘာ ၁၃ ရက်တွင် ကြေညာပေးသွားမည် ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲကို ကျောက်ရည် ကျောက်သွေး ကောင်းမွန်မှု၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင်မှုစသည့်အခြေအနေများအရ အုပ်စု (အေ၊ ဘီ)နှင့် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် အတွက် အုပ်စု(စီ)ဟူ၍ အုပ်စုသုံးစု ခွဲခြားထားခြင်းဖြစ်ပြီး အုပ်စု(အေ)နှင့်(ဘီ) ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ အုပ်စု(စီ) ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ လည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ပဲခူးမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ပဲခူး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနား ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များအတွက် လှူဒါန်းသည့် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ပဲခူးမြို့နယ်ပညာရေးမှူး ဒေါ်မာလာခင်က လက်ခံရယူသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲဝင်များ၏ သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သရုပ်ပြတင်ဆက်သည့် ကျောင်းသား ကျောင်းသူများ၊ ဖျော်ဖြေရေးအဖွဲ့များနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ပွဲတော်တွင်ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ပြပွဲများ၊ ပြိုင်ပွဲများနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မိုင်းခတ်မြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မိုင်းခတ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူးက လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအမျိုးအစားများ၊ လူငယ်များအတွင်း နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာခြင်းအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးလက္ခဏာများ၊ ယနေ့ခေတ်လူငယ်များအကြား ရေပန်းစားနေသော E စီးကရက်နှင့် Vape ၏ ဆိုးကျိုးလက္ခဏာများအကြောင်း ဆွေးနွေးကြသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပြည်နယ်အဆင့်(ရှမ်းအရှေ့)တွင် ပထမဆုရရှိသော မယွန်းနဒီလင်းအား ဂုဏ်ပြုငွေပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသော အသိပညာပေး သုတ/ရသ စာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ ခရိုင်အားကစားကွင်းအား အဆင့်မီခရိုင်အားကစားကွင်း အဖြစ် အဆင့်မြှင့်တင် ပေးနိုင်ပါရန်နှင့် ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအတိုင်း အပြည့်အဝ ထားရှိပေးနိုင်ပါရန် ၂၀၂၆ – ၂၀၂၇ (RE ဘတ်ဂျက်) ဖြည့်စွက်ရန်ပုံငွေဖြင့် လည်းကောင်း၊ ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အားကစားကွင်းကို ၁၉၆၉ ခုနှစ်တွင် မြေဧရိယာ ၉ ဒသမ ၅၇၅ ဧကပေါ်၌ တည်ဆောက်ခဲ့ပြီး အဆင့်မီ အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး အတွက် အဆိုပါ အားကစားကွင်း အုတ်တံတိုင်း ပေ ၁၀၀၀ ကာရံခြင်း လုပ်ငန်းအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေစာရင်းမှ ငွေကျပ် ၁၄၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောက်ဆည်ခရိုင် အားကစားခန်းမ (အလျား ပေ ၁၂၀၊ အနံ ပေ၉၀) အမိုးပြုပြင်ခြင်း၊ ကြမ်းခင်းပြုပြင်ခြင်းနှင့် ပြတင်းမှန်၊ အလင်းမှန်များ ပြုပြင်ခြင်း အတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၁၀၈၀၊ ရိုးရိုးတန်းပွဲကြည့်စင် (အလျား ပေ ၆၀၊ အနံ ၂၃ ပေ) နှစ်စင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၁၄ သန်း၊ ဂါလန် ၉၀၀ ဆံ့ (၆ ပေ ပတ်လည်) အုတ်ရေစင်ပြုပြင်ခြင်း အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၅ သန်း၊ အားကစားသမား နားနေဆောင် (အလျား ၃၃ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၂ ပေ)ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၀၈ ဒသမ ၉ သန်း၊ လုပ်ငန်း လေးခုအတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၁၆၄၇ ဒသမ ၉ သန်းအား မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ သုံးစွဲရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်ဆည်ခရိုင် ဘောလုံးကွင်း ၂ ပေဒု မြေဖို့အဆင့်မြှင့်တင်ခြင်းနှင့် မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၀ ဒသမ ၇၉၄ သန်းအား ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအရ ခန့်အပ်နိုင်ရန်အတွက် ကျောက်ဆည်ခရိုင်တွင် အငယ်တန်းစာရေးတစ်ဦး၊ လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူးတစ်ဦး၊ ရုံးအကူတစ်ဦး၊ အမှုထမ်း သုံးဦးနှင့် ကျောက်ဆည်မြို့နယ်တွင် ရုံးအကူ တစ်ဦး စုစုပေါင်းအမှုထမ်း လေးဦး လိုအပ်မည်ဖြစ်ပါကြောင်း၊ ခန့်အပ်ရန်ကျန်ရှိသည့် အမှုထမ်းရာထူး နေရာများအတွက် ဝန်ထမ်း လျှောက်ထားလာပါက ဒေသခံများအား ဦးစားပေးခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ် သင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ဝန်ကြီးဌာနအနေဖြင့် တောင်ကြီးမြို့တွင် မသန်စွမ်း သက်ငယ်သင်တန်းကျောင်းဆောက်လုပ်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မြေနေရာ တောင်းခံသွားမည် ဖြစ်ပြီး နှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အဆောက်အအုံ ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းတိုက်နယ် အနောက်ခြမ်း တောင်ရိုးဒေသခုံကြီးကျေးရွာအုပ်စု တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်းကျေးရွာဆက်သွယ်သည့် သဲဖြူချောင်းကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲဖြူ ချောင်းကူးတံတား တည်ဆောက်ရမည့်နေရာသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော မဲဇလီကုန်း – ချင်းကုန်း – မကျည်းပင်ကွင်းလမ်း ကျောက်လမ်း ၂ ဖာလုံ၊ မြေသား လမ်း ၉ မိုင် ၁ ဖာလုံ စုစုပေါင်း လမ်းမိုင်အရှည် ၉ မိုင် ၃ ဖာလုံရှိ Class (A) အဆင့် လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ တလိုင်းခုံ ကျေးရွာနှင့် တောင်ပေါ်ကုန်း ကျေးရွာကိုဆက်သွယ်သည့် သဲဖြူ ချောင်းအားဖြတ်၍ ဆောက်လုပ်လိုသည့် တံတားဖြစ်ပါကြောင်း၊ လက်ရှိတွင် တည်ဆောက်ထားသော တံတားဟောင်းမရှိဘဲ နွေရာသီတွင် ချောင်းအတွင်းမှ ဖြတ်သန်းသွားလာပြီး မိုးရာသီတွင် ချောင်းရေမြင့်တက်မှုကြောင့် ဖောင်များဖြင့်သာ သွားလာရပါသဖြင့် အရှည် ပေ ၁၂၀၊ အကျယ် ပေ ၂၀ ချောင်းကူးတံတား အသစ်တစ်စင်း တည်ဆောက်လိုခြင်း ဖြစ်ပါကြောင်း။

သံကူကွန်ကရစ် တံတားအဖြစ် အသစ်တည်ဆောက်မည်ဆိုပါက ခန့်မှန်းငွေကျပ် သန်း ၁၃၈၀ ကုန်ကျမည် ဖြစ်ပါကြောင်း၊ တံတားအသစ် တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ မဲဇလီကုန်း–ချင်းကုန်း–မကျည်းပင်ကွင်း လမ်းပေါ်ရှိ သဲဖြူ ချောင်းကူးတံတားအသစ် တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးသာယာ၊ ညောင်ရွှေ၊ နန်းပန်၊ တုံဟုန်း၊ ပင်လောင်း ကတ္တရာလမ်းမကြီးမှ နန်းပန်– ဓာတ်တော်ရေဦးလမ်း၊ ဓာတ်တော်ရေဦး – နမ့်လီလမ်း၊ နမ့်လီ – ပွေးတောင်– ထီဝါးမှူးလမ်းနှင့် ထီဝါးမှူး – ထီဖူး – ထီနို့ – နားဟီးလမ်းတို့ ဆက်သွယ်ထားသော စုစုပေါင်း လမ်းမိုင်အရှည် ၁၈ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိသည့် မြို့နယ်ချင်းဆက် လမ်းကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ညောင်ရွှေမြို့နယ် နန်းပန်– ဓာတ်တော်ရေဦးလမ်း၊ ဓာတ်တော်ရေဦး – နမ့်လီလမ်း၊ နမ့်လီ– ပွေးတောင် – ထီဝါးမှူးလမ်းတို့ သည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်လမ်းများ ဖြစ်ပြီး ကတ္တရာလမ်း ၂ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၄ ဒသမ ၉၆ ဖာလုံ၊ မြေသားလမ်း ၃ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၃ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိပါကြောင်း။

ဓာတ်တော်ရေဦး– နမ့်လီလမ်း တွင် မြေသားလမ်း ၃ မိုင် ၂ ဖာလုံ ရှိသည့်အနက် ၁ မိုင်အား ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်း အဖြစ် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည် ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းများ အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား လတ်တလော ဦးစားပေးအစီအစဉ် တွင် မပါဝင်သေးပါကြောင်း။

တောင်ကြီးမြို့နယ် အတွင်းရှိ ထီဝါးမှူး–ထီဖူး–ထီနို့–နားဟီး လမ်းသည် နယ်စပ်ရေးရာဝန်ကြီး ဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၅ မိုင် ရှိပါကြောင်း၊ အဆိုပါလမ်းသည် ဒေသမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသည့် မြေသားလမ်းဖြစ်ပါကြောင်း၊ မြေသားလမ်း ၅ မိုင်တွင် ကျောက်လမ်း ၁ မိုင် ၇ ဖာလုံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ ကတ္တရာလမ်းအဖြစ် ဆက်လက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ၂၀၂၈–၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ရန်ပုံငွေဖြင့် ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းတွင် အဆိုပြု လျာထားပေးသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စုအတွင်းရှိ ကင်းဆိုးကျေးရွာနှင့် ဆီတိုင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ၁၅၇၄၁ ပေခန့် ရှည်လျားသော ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ် အင်္ဂမော် ကျေးရွာအုပ်စု ကင်းဆိုးကျေးရွာသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ပါကြောင်း၊ မြေပြင်တွင် ဆီတိုင်ကုန်းကျေးရွာဟူ၍ သီးခြားမရှိဘဲ ဥယျာဉ်ခြံများ အတွင်း နေထိုင်ကြသည့် မိသားစုများသာရှိပါကြောင်း၊ ဆီတိုင်ကုန်း ကျေးရွာဟူ၍လည်း ပြည်ထဲရေး အမည်ပေါက်စာရင်းတွင် ပါဝင်ခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

ကင်းဆိုးကျေးရွာ အတွင်း ဥယျာဉ်ခြံမြေ ဧက ၃၀၀၀ ခန့် ရှိပါကြောင်း၊ မြေသားလမ်း အရှည် ၃ မိုင် ၆ ဒသမ ၄၂ ဖာလုံအနက် ၂ ဖာလုံအား ကျောက်ချောလမ်း ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ကျန်မြေသားလမ်း ၃ မိုင် ၄ ဒသမ ၄၂ ဖာလုံအား ကုန်ထုတ်လမ်း အဖြစ် ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါကြောင်း။

ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် အင်ဂျင်နီယာ လုပ်ငန်းများအဖြစ် ကွင်းဆင်း တိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေ တွက်ချက်ခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ တွင် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ရိုစာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးမိုးမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့်** စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏သဘောထားရယူရာ သဘောတူသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# သတင်းစာ နေ့စဉ်ကြည့်ရှုပါ - သတင်းထူးပါလျှင် ပြောပါလား

ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)

**သတင်းစာသည် နေ့စဉ်လူမှုဘဝတွင် ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများကို သိရှိနားလည်နိုင်ရန်၊ အသိပညာနှင့် ဗဟုသုတများ တိုးပွားစေရန်နှင့် နိုင်ငံတော်နှင့် လူမှုအသိုက်အဝန်းအကြား သတင်းအချက်အလက်စီးဆင်းမှုကို အထောက်အကူပြုသည့် အရေးပါသောမီဒီယာတစ်ရပ်ဖြစ်သည်။**

သတင်းစာတစ်စောင်ကို အခြေခံ၍ လေ့လာကြည့်ပါက နိုင်ငံတော်ရေးရာ၊ လွှတ်တော်ရေးရာ၊ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝ၊ စာပေနှင့် ဆောင်းပါး၊ အားကစား၊ ဒေသဆိုင်ရာသတင်း၊ အလုပ်အကိုင်နှင့် ကြော်ငြာကဏ္ဍများအပြင် ဝမ်းနည်းကြောင်းနှင့် နာရေးဆိုင်ရာ အသိပေးကြေညာချက်များအထိ စုံလင်စွာ ပါဝင်သည့် သတင်းအချက်အလက် ပလက်ဖောင်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရသည်။

သတင်းနှင့် သတင်းစာများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာန (Ministry of Information) www.moi.gov.mm ဝက်ဘ်ဆိုက်တွင် စုစည်းဖော်ပြထားပြီး မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar တို့ကို နေ့စဉ်ထုတ်ဝေသည့် သတင်းစာများအဖြစ် ရရှိနိုင်သည်။ ငယ်စဉ်ကလေးဘဝက နှုတ်တက်ရရတဖွဖွ ကျက်မှတ်ရွတ်ဆိုခဲ့ရသည့် မြန်မာဖတ်စာ အမှတ် ၁ တွင်-

မိုးစင်စင် လင်းပြီ။
ပြတင်းများ ဖွင့်ထားပါ။
သတင်းစာ နေ့စဉ်ကြည့်ရှုပါ။
သတင်းထူးပါလျှင် ပြောပါလား။

ဟူသော စကားလုံးများသည် သတင်းစာကို နေ့စဉ်အသိပညာ ရင်းမြစ်တစ်ရပ်အဖြစ် ဖတ်ရှုရန်နှင့် ရရှိသည့် သတင်းအချက်အလက်များကို အကျိုးရှိစွာ မျှဝေရန် နှိုးဆော်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာ၏ တန်ဖိုးကို သတင်းပေးပို့မှုတစ်ခုတည်းဖြင့် မကန့်သတ်ဘဲ **နိုင်ငံရေး အသိအမြင်၊ စီးပွားရေးအခွင့်အလမ်း၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ အသိပညာနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မည်သို့အသုံးဝင်ကြောင်း** ကဏ္ဍအသီးသီးအလိုက် လေ့လာသင့်ပါသည်။

**၁။ နိုင်ငံတော်ရေးရာနှင့် လွှတ်တော်ကဏ္ဍ-နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကို သိရှိစေခြင်း**

သတင်းစာတွင် ပါဝင်သည့် **“နိုင်ငံတော်ရေးရာ”** နှင့် **“လွှတ်တော်”** ကဏ္ဍများသည် နိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် နိုင်ငံတော်အဆင့် ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိနားလည်နိုင်ရန် အရေးပါသောကဏ္ဍများဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင်လည်း လွှတ်တော်သတင်းများအတွက် သီးခြားသတင်းကဏ္ဍထားရှိပြီး လွှတ်တော်အစည်းအဝေးများနှင့် နိုင်ငံတော်အဆင့် ဆောင်ရွက်ချက်များကို သတင်းအဖြစ် စုစည်းဖော်ပြထားသည်။

ဤကဏ္ဍသည် သတင်းတစ်ခုကိုသာ ဖတ်ရှုစေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို နားလည်နိုင်ရန် အခြေခံသတင်းအချက်အလက်များ ပေးစွမ်းသည်။ ထို့ကြောင့် နိုင်ငံသားများ၏ နိုင်ငံရေးအသိအမြင်နှင့် နိုင်ငံသားတာဝန်သိစိတ် တိုးတက်စေရန် အရေးပါပြီး နိုင်ငံတော်၏ မူဝါဒနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ပြည်သူများနှင့် ဆက်သွယ်ပေးသည့် ပေါင်းကူးကဏ္ဍတစ်ရပ်အဖြစ် တန်ဖိုးရှိလှသည်။

ထိုကဏ္ဍ၏ အရေးပါမှုမှာ သတင်းကို တင်ပြပေးရုံမျှမက နိုင်ငံတော်နှင့် ပြည်သူအကြား သတင်းအချက်အလက် စီးဆင်းမှုကို အထောက်အကူပြုခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းကဏ္ဍသည် နိုင်ငံသားများ၏ နိုင်ငံရေးနှင့် လူမှုရေးအသိအမြင် တိုးတက်စေရန် အထောက်အကူပြုသည့် အခြေခံသတင်းရင်းမြစ်တစ်ရပ် ဖြစ်သည်။

**၂။ စီးပွားရေး၊ အလုပ်အကိုင်နှင့် ကြော်ငြာကဏ္ဍ-သတင်းစာကို အခွင့်အလမ်းရှာဖွေရေး ကိရိယာအဖြစ် အသုံးချနိုင်ခြင်း**

**“စီးပွားရေး”၊ “အလုပ်အကိုင်” နှင့် “ကြော်ငြာ”** ကဏ္ဍများသည် သတင်းစာ၏ လက်တွေ့ဘဝ အသုံးဝင်မှုကို ထင်ရှားစွာ ဖော်ပြပေးသည့်ကဏ္ဍများဖြစ်သည်။ စီးပွားရေးကဏ္ဍမှ လက်ရှိစီးပွားရေးအခြေအနေများနှင့် လုပ်ငန်းဆိုင်ရာအမြင်များကို သိရှိနိုင်သကဲ့သို့ အလုပ်အကိုင်ကဏ္ဍမှ အလုပ်ဆိုင်ရာ အခွင့်အလမ်းများကို ရှာဖွေနိုင်သည်။ သတင်းစာသည် သတင်းဖတ်ရှုရန်သာမက **အခွင့်အလမ်းရှာဖွေရန် အသုံးချနိုင်သည့် လက်တွေ့ဘဝ အထောက်အကူပြု မီဒီယာ**တစ်ရပ်လည်း ဖြစ်လာသည်။

ကြော်ငြာကဏ္ဍသည်လည်း ထုတ်ကုန်၊ဝန်ဆောင်မှုလုပ်ငန်းနှင့် အများပြည်သူသိရှိသင့်သည့် အချက်အလက်များကို ထုတ်ဖော်ဆက်သွယ်ပေးသည့် စီးပွားရေး ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်သည်။ သတင်းစာများတွင်လည်း ကြော်ငြာများနှင့် သတင်းစာဝယ်ယူနိုင်ရန် ဆက်သွယ်ရန် အချက်အလက်များ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ကြော်ငြာသည် သတင်းစာ၏ ဝင်ငွေသဘောတရားတစ်ခုတည်းမဟုတ်ဘဲ **ဝယ်သူနှင့် ရောင်းသူ၊ ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုလိုအပ်သူ၊ အလုပ်ရှင်နှင့် အလုပ်ရှာဖွေသူတို့ကို ဆက်သွယ်ပေးသည့် လူမှုစီးပွားရေး ပေါင်းကူး**တစ်ရပ်အဖြစ်လည်း အရေးပါသည်။ အထူးသဖြင့် လုပ်ငန်းရှင်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ အလုပ်ရှာဖွေနေသူများနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို စိတ်ဝင်စားသူများအတွက် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေရှိသော သတင်းအချက်အလက်များ ရရှိနိုင်ခြင်းသည် အလွန်တန်ဖိုးရှိသည်။

> **နိုင်ငံတကာနှင့် အားကစားကဏ္ဍက ကမ္ဘာနှင့်ချိတ်ဆက်ပေးပြီး ဒေသဆိုင်ရာ၊ နာရေးနှင့် လူမှုရေးကဏ္ဍက လူထု၏ နေ့စဉ်ဘဝ၊ ခံစားချက်နှင့် လူမှုဆက်ဆံရေးတို့ကို မှတ်တမ်းတင်ပေးသည်။ ထို့ကြောင့် သတင်းစာသည် နိုင်ငံတော်၏ သတင်းအချက်အလက်စနစ်အတွင်း အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သကဲ့သို့ အသိပညာရှိသောနိုင်ငံသားများ ပေါ်ထွန်းလာရေး၊ လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်နားလည်မှု မြင့်မားလာရေးနှင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် အခြေခံမီဒီယာတစ်ရပ်ဖြစ်**

ယနေ့စီးပွားရေးအခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေသည့်အချိန်တွင် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရရှိနိုင်ခြင်းသည် တစ်ဦးချင်းနှင့် လုပ်ငန်းများအတွက် ဆုံးဖြတ်ချက်ချရာတွင် အရေးပါသော အခြေခံအချက်တစ်ရပ် ဖြစ်သည်။

**၃။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝနှင့် စာပေဆောင်းပါးကဏ္ဍ-လူ့စွမ်းရည်နှင့် လူမှုဘဝ အရည်အသွေးကို မြှင့်တင်ခြင်း**

**“ပညာရေး”၊ “ကျန်းမာရေး”၊ “လူမှုဘဝ”၊ “စာပေ”နှင့် “ဆောင်းပါး”** ကဏ္ဍများသည် သတင်းစာ၏ ပညာပေးတန်ဖိုးကို ထင်ရှားစေသည်။ သတင်းကဏ္ဍများက လက်ရှိဖြစ်ရပ်များကို သိရှိစေသော်လည်း ဆောင်းပါးနှင့် ပညာပေးကဏ္ဍများက အကြောင်းအရာတစ်ခုကို ပိုမိုနက်ရှိုင်းစွာ နားလည်သုံးသပ်နိုင်ရန် အထောက်အကူပြုသည်။

Ministry of Information ၏ ဝက်ဘ်ဆိုက်တွင်လည်း သီးခြား **“ဆောင်းပါး”** ကဏ္ဍထားရှိပြီး လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများကို ဆောင်းပါးပုံစံဖြင့် ဖော်ပြထားသည်။ ထို့ပြင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုဘဝအရည်အသွေး မြှင့်တင်ရေးအတွက် တိုက်ရိုက်အသုံးဝင်သည်။ စာပေနှင့် ဘာသာစကားကဏ္ဍများက စာဖတ်သူ၏ ဝေါဟာရ၊ စာဖတ်စွမ်းရည်နှင့် အတွေးအမြင်ကို တိုးတက်စေသည်။

ထို့ကြောင့် ဤကဏ္ဍများသည် နေ့စဉ်သတင်းများကို သိရှိစေရုံမက **လူတစ်ဦး၏ အသိပညာနှင့် အတွေးအမြင်ကို တဖြည်းဖြည်း တည်ဆောက်ပေးနိုင်သည့် ပညာရေးဆိုင်ရာ မီဒီယာကဏ္ဍများ** ဖြစ်သည်။ သတင်းစာသည် **သတင်းဖတ်ရန်နေရာသာမက နေ့စဉ်လေ့လာသင်ယူနိုင်သည့် စာသင်ခန်းတစ်ခန်း**ကဲ့သို့လည်း အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝလိုအပ်ချက်များကို ထိတွေ့သိရှိနိုင်ခြင်းကြောင့် ယင်းကဏ္ဍများ၏ ခေတ်မီအသုံးဝင်မှုမှာ အထူးမြင့်မားသည်။

**၄။ နိုင်ငံတကာသတင်းနှင့် အားကစားကဏ္ဍ-ပြည်တွင်းမှ ကမ္ဘာ့အမြင်သို့ ချဲ့ထွင်ပေးခြင်း**

**“နိုင်ငံတကာသတင်း”** နှင့် **“အားကစား”** ကဏ္ဍများသည် စာဖတ်သူများ၏အမြင်ကို ပြည်တွင်းအခြေအနေမှ ကမ္ဘာ့အခြေအနေအထိ ချဲ့ထွင်ပေးသည်။ နိုင်ငံတကာသတင်းများမှတစ်ဆင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲများကို သိရှိနိုင်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဖြစ်ရပ်များသည် အခြားနိုင်ငံများနှင့် မည်သို့ဆက်စပ်နေကြောင်း နားလည်နိုင်သည်။

အားကစားကဏ္ဍသည်လည်း ပြိုင်ဆိုင်မှု၊ စည်းကမ်း၊ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုတို့၏ တန်ဖိုးများကို ဖော်ဆောင်ပေးနိုင်သည့်အပြင် လူငယ်များနှင့် အားကစားဝါသနာရှင်များအတွက် စိတ်ဝင်စားဖွယ် သတင်းအချက်အလက်များ ပေးစွမ်းသည်။ ထို့ကြောင့် ယင်းကဏ္ဍများသည် သတင်းစာကို **“ပြည်တွင်းကို သိရှိရန်သာမက ကမ္ဘာကြီးကို နားလည်ရန် ဖွင့်ပေးထားသည့် ပြတင်းပေါက်”** တစ်ရပ်အဖြစ် ပိုမိုတန်ဖိုးရှိစေသည်။

**၅။ ဒေသဆိုင်ရာသတင်း၊ နာရေးနှင့် လူမှုရေးကြေညာချက်များ-လူထုဘဝ၏ အသံနှင့် မှတ်တမ်း**

**“ဒေသဆိုင်ရာသတင်း”၊ “လူမှုရေးသတင်း”၊ “နာရေးနှင့် ဝမ်းနည်းကြောင်း ကြေညာချက်များ”** သည် သတင်းစာ၏ လူမှုရေးအခန်းကဏ္ဍကို အထူးထင်ရှားစေသောကဏ္ဍများဖြစ်သည်။ ဒေသဆိုင်ရာသတင်းများသည် ရပ်ရွာအတွင်း ဖြစ်ပေါ်နေသော အခြေအနေများကို အများပြည်သူသိရှိစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် လူထုဘဝအခြေအနေများကို ပိုမိုနားလည်စေသည်။

ထို့ပြင် **နာရေးသတင်းနှင့် ဝမ်းနည်းကြောင်းကြေညာချက်များသည် သာမန်သတင်းအချက်အလက်ထက် ပိုမိုနက်ရှိုင်းပြီး လူမှုတန်ဖိုးရှိသည်။** ယင်းတို့မှတစ်ဆင့် ကွယ်လွန်သူများအား ဂုဏ်ပြုမှတ်တမ်းတင်ခြင်း မိသားစုနှင့် ဆွေမျိုးများ၏ ဝမ်းနည်းမှုကို လူမှုအသိုက်အဝန်းက အတူတကွ မျှဝေခြင်းနှင့် သက်ဆိုင်သူများထံ အချိန်မီအသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အလားတူ သတင်းစာတွင် နေ့စဉ်ဘဝနှင့် သက်ဆိုင်သည့် ကြေညာချက်များ၊ လူမှုရေးအချက်အလက်များ ပါဝင်ခြင်းသည်လည်း လူထုအကြား ဆက်သွယ်မှုကို ခိုင်မာစေသည်။ အဆိုပါကဏ္ဍများကြောင့် သတင်းစာသည် **ဖြစ်ရပ်များကို မှတ်တမ်းတင်ပေးသည့် မီဒီယာသာမက လူသားတို့၏ ဝမ်းမြောက်မှု၊ ဝမ်းနည်းမှုနှင့် လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်ရိုင်းပင်းမှုတို့ကို ထိန်းသိမ်းပေးသည့် လူမှုမှတ်တမ်း**တစ်ရပ်လည်း ဖြစ်သည်။

ထို့ပြင် အထွေထွေဗဟုသုတ၊ အလုပ်အကိုင်၊ လူမှုဘဝနှင့် စာဖတ်သူ၏ နေ့စဉ်လိုအပ်ချက်များနှင့် သက်ဆိုင်သော အချက်အလက်များ ပါဝင်ခြင်းကြောင့် သတင်းစာသည် **လူထုဘဝနှင့် အနီးကပ်ဆုံး ဆက်သွယ်ပေးနိုင်သည့် နေ့စဉ်အသိပညာအရင်းအမြစ်**တစ်ရပ်အဖြစ် တန်ဖိုးရှိလှသည်။

## သတင်းစာ၏ တန်ဖိုး

သတင်းစာ၏တန်ဖိုးသည် သတင်းများကိုစုစည်းဖော်ပြပေးနိုင်ခြင်းထက် ပိုမိုကျယ်ပြန့်သည်။ **နိုင်ငံတော်ရေးရာနှင့် လွှတ်တော်ကဏ္ဍ**က နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကို နားလည်စေသည်။ **စီးပွားရေး၊ အလုပ်အကိုင်နှင့် ကြော်ငြာကဏ္ဍ**က လူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအခွင့်အလမ်းများကို ချိတ်ဆက်ပေးသည်။ **ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝနှင့် စာပေကဏ္ဍ**က လူ့စွမ်းရည်နှင့် အသိပညာကို မြှင့်တင်ပေးသည်။

**နိုင်ငံတကာနှင့် အားကစားကဏ္ဍ**က ကမ္ဘာနှင့် ချိတ်ဆက်ပေးပြီး **ဒေသဆိုင်ရာ၊ နာရေးနှင့် လူမှုရေးကဏ္ဍ**က လူထု၏ နေ့စဉ်ဘဝ၊ ခံစားချက်နှင့် လူမှုဆက်ဆံရေးတို့ကို မှတ်တမ်းတင်ပေးသည်။ ထို့ကြောင့် သတင်းစာသည် နိုင်ငံတော်၏ သတင်းအချက်အလက်စနစ်အတွင်း အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သကဲ့သို့ **အသိပညာရှိသော နိုင်ငံသားများ ပေါ်ထွန်းလာရေး၊ လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်နားလည်မှု မြင့်မားလာရေးနှင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် အခြေခံမီဒီယာတစ်ရပ်** ဖြစ်သည်။

Ministry of Information ၏ သတင်းစာများနှင့် အွန်လိုင်းသတင်းပလက်ဖောင်းများသည် သတင်းအချက်အလက်များကို စုစည်းပေးနေကြောင်း တရားဝင် အရင်းအမြစ်များတွင် တွေ့ရသည်။ ထို့ကြောင့် ငယ်စဉ်ကလေးဘဝက နှုတ်တက်ရရတဖွဖွ ကျက်မှတ်ရွတ်ဆိုခဲ့ရသည့်-

မိုးစင်စင် လင်းပြီ။
ပြတင်းများ ဖွင့်ထားပါ။
သတင်းစာ နေ့စဉ်ကြည့်ရှုပါ။
သတင်းထူးပါလျှင် ပြောပါလား။

ဟူသော စကားရပ်သည် သတင်းစာဖတ်ရန် နှိုးဆော်သည့် စကားရပ်တစ်ခုသာမဟုတ်ဘဲ **အသိပညာ၏ ပြတင်းပေါက်ကို နေ့စဉ်ဖွင့်ထားရန်၊ အလင်းရောင်နှင့်အတူ အသိပညာကို ဖွင့်လှစ်လက်ခံရန်၊ သတင်းအချက်အလက်ကို သိရှိနားလည်ရန်၊ သိရှိသမျှကို အကျိုးရှိစွာမျှဝေရန်နှင့် ထိုအသိပညာများမှတစ်ဆင့် မိမိတို့ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်၏ ပိုမိုကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ရန် အသိပညာရှိသော နိုင်ငံသားများဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ရပ်ကို တည်ဆောက်ရန်**သတိပေးနေသည့်အဓိပ္ပာယ်ပြည့်ဝသော သတင်းစကားတစ်ရပ်ဖြစ်သည်ဟု လေးနက်စွာ မှတ်တမ်းပြုအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံ




**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံတကာ ခရီးသွားဈေးကွက် ပြန်လည်ဦးမော့လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝကို ဘက်စုံအထောက်အကူပြုနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၃)၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကဏ္ဍတစ်ရပ်ဖြစ်ရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs)လုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းနှင့် နိုင်ငံ၏ ရိုးရာအမွေအနှစ်များ၊ ယဉ်ကျေးမှုနှင့် သဘာဝအလှအပများကို နိုင်ငံတကာက သိရှိအောင် ဖြန့်ဝေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သောကြောင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

သို့ဖြစ်၍ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် ပိုမိုကောင်းမွန်သည့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအနာဂတ်ကို တည်ဆောက်နိုင်ရန်နှင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင်လည်း ညီညီညွတ်ညွတ်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားမြှင့်တင်ရေးစီမံကိန်းများ ရေးဆွဲနိုင်ရေးနှင့် ထင်ရှားသော (၁၂)လရာသီပွဲတော်များ၊ ခရီးစဉ်ဒေသများအလိုက် ခရီးသွားထုတ်ကုန်သစ်များ ဖော်ထုတ်မြှင့်တင်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားအကြံပြုချက်များ(Travel Advisories)ထုတ်ပြန်နိုင်ရေးနှင့် နိုင်ငံပိုင်မီဒီယာ၊ ရုပ်သံလိုင်းများနှင့် ပူးပေါင်းကြော်ငြာမှုမြှင့်တင်နိုင်ရေး၊ Digital Tourism လုပ်ငန်းစဉ်များဖြစ်သည့် Online Booking ဝန်ဆောင်မှုများ၊ e-Ticketing များနှင့် AI နည်းပညာ အသုံးပြုမှုများ ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လက်ရှိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် အနာဂတ်အလားအလာများ၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်မြို့၌ မြန်မာ့ရိုးရာ ဒေသအစားအစာပြိုင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာ့ရိုးရာ ပြည်ဒေသ အစားအစာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ ခေတ္တရာပြည်သူ့ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို ဒေသထွက် အစားအစာများကို ဘေးကင်းလုံခြုံပြီး အဆင့်အတန်းမီမီ အရသာရှိရှိဖြင့် ပြည်ပသို့တင်ပို့နိုင်ရန်၊ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာ့ရိုးရာ ပြည်ဒေသအစားအစာ ယှဉ်ပြိုင်ချက်ပြုတ်နေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့က ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က အမှတ်ပေးဒိုင်လူကြီးများ၊ သီဆိုကပြဖျော်ဖြေပေးကြသူများ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၁၂**

ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ဘားအံ)၌ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို အောက်တိုဘာ ၁၂ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲကို အဆိုပါ သင်တန်းကျောင်း၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ကရင်ပြည်နယ် လှူငယ်စင်တာ၌ (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ်ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ စခန်းသွင်းလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်အင်အား စုစုပေါင်း ၁၃ ဦးတို့က အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် မင်းလှမြို့ မြို့မရဲစခန်း၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်စဉ်။ **ရှင်းခန့်အောင်**

# မြဝတီခရိုင်၌ အိမ်အမိုးသွပ်နှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ်

**မြဝတီ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့နယ် သဃာန်းညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်အမိုးသွပ်နှင့် ဘိလပ်မြေအိတ်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက သဃာန်းညီနောင်ကျေးရွာရှိ ရွာလယ်ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက သဃာန်းညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သဃာန်းညီနောင်ကျေးရွာရှိ အိမ်ထောင်စု ၄၆ စုအတွက် ဘိလပ်မြေအိတ် ၂၀၈၀ နှင့် အိမ်အမိုးသွပ်ချပ် ၇၄၀၀ တို့ကို ပေးအပ်ရာ ကျေးရွာနေပြည်သူများက လက်ခံရယူကြသည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် သဃာန်းညီနောင် ကျေးရွာနေပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို ပြည်သူများက ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိလျှော့မှုအား ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



ပုသိမ် အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံအိလျှော့နေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးကာရေဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်းနှင့်အတူ တမံအိလျှော့မှု အခြေအနေနှင့် ကာကွယ်ထိန်းသိမ်းမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တမံရေအမြန်ဆုံးလျှော့ချနိုင်ရေးအတွက် တမံရေထုတ်ပြွန်မှ ၄၀၀ ကုဗပေ/စက္ကန့်ရေလျှော့ချမှုအခြေအနေ၊ တမံအောက်ပိုင်း အိလျှော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံတမံအောက်ခြေထောက်ခြင်းအား မြေတူးစက်သုံးစီး၊ မြေထိုးစက်တစ်စီး၊ မြေသယ်ယာဉ်ခုနစ်စီးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း အလျားပေ ၃၀၀၊ အောက်ခြေအကျယ် ပေ ၁၀၀၊ ထိပ်ဝအကျယ် ပေ ၇၀ နှင့် အမြင့် ၁၅ ပေအထိ ဆောင်ရွက်ပြီးစီးမှု၊ တမံအောက်ခြေထောက်ခြင်းလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသော မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe) အလျားပေ ၅၅၀၊ အောက်ခြေပျမ်းမျှအကျယ် ၂၆ ပေ၊ ထိပ်ဝအကျယ်ခြောက်ပေ၊ ပျမ်းမျှအမြင့် ၁၀ပေ ထည့်သွင်း တည်ဆောက်နိုင်ရေးအတွက် မြေပြင်အနေအထား အသေးစိတ်တွက်ချက်ခြင်းနှင့် ကျောက်ကြီးများစုဆောင်းထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ တစ်ပါတည်း ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများ၊ အရေးပေါ်ရေပို့လွှဲအား နိမ့်မြင့်မှတ်ရေအမှတ် ၃၁၂ ပေမှ ၃၀၇ ပေသို့ ထပ်မံနိမ့်ချ၍ ရေလျှော့ချနိုင်ရန် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မမြရေလှောင်တမံ၏ အရေးပေါ်ရေပို့လွှဲမှ ရေထုတ်လွှတ်ဆောင်ရွက်နေသဖြင့် ရေဝါချောင်းနှင့်မမြချောင်းအတွင်း ရေစီးဆင်းဝင်ရောက်မှုအခြေအနေနှင့် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများကို တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများအား ကူညီရွှေ့ပြောင်းပေးနေမှုတို့ကို ကြည့်ရှုပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

မမြရေလှောင်တမံ မြေသားတာပေါင်နိမ့်ကျမှုကြောင့် လတ်တလောရေဝင်ရောက်မှု မရှိသော်လည်းပြည်သူများအားဘေးအန္တရာယ် ထိခိုက်မှုမရှိစေရေး ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းမှုအနေဖြင့် မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်အတွင်း ရွာနှင့်နီးစပ်ရာ ကုန်းမြင့်ဒေသကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ အိမ်ထောင်စု ၂၇၀၁ စု၊ လူဦးရေ ၁၀၉၀၃ ဦးအားတပ်မတော်သားများ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများကဝိုင်းဝန်းကူညီ၍ ရွှေ့ပြောင်းထားရှိပြီးဖြစ်ကာ ကယ်ဆယ်ရေးစခန်း ၁၄ ခုတွင် အိမ်ထောင်စု ၁၃၂၃ စု၊ လူဦးရေ ၄၇၁၅ ဦး ခေတ္တနေထိုင်လျက်ရှိပြီး ၎င်းတို့၏နေထိုင်စားသောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပို့လွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး



**နေပြည်တော် အောက်တိုဘာ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိမမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်အထိ လျှော့ကျခဲ့သည့်အတွက် အရေးပေါ်ရေပို့လွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး တမံအနီးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအားဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါမမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်မှ စတင်၍ အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီ ၃၀ မိနစ်ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျား ၂၀၀ ပေခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ၎င်းနေရာမှပင် အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပို့လွှဲမှ ရေထုတ်လွှတ်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၂ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၁၁ ဒသမ ၄၀ ပေသာ ကျန်ရှိတော့သဖြင့် ၃ ပေ ၈ လက်မခန့် လျှော့နည်းသွားကြောင်း သိရှိရသည်။

ထို့အပြင် တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှု ရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကိုအနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများ ပူးပေါင်းကာစက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၎င်းအပြင် ရေလှောင်တမံ ဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆ စု၊ ကျေးရွာ ၃၀ ရွာ၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆ စု၊ ကျေးရွာ ၂၀ ရွာ၊ စုစုပေါင်း ကျေးရွာအုပ်စု ၁၂ စုရှိ ကျေးရွာ ၅၀ ရွာမှ ဒေသခံပြည်သူများအား ယာယီရေဘေး ကူညီကယ်ဆယ်ရေးစခန်းများ၊ ကုန်းမြင့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကိုအနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

## လက်တွဲရှေ့ဆက် ဆွေးနွေးဖက်

- ရှေးပဝေ အဆက်ဆက်
ဤမြေထက် အတူနေ၊
ထွက်သီးနှံ အတူစား
သွေးသားရင်းပေ၊
ကျူးသမျှ ရန်အထွေထွေ
နောင်ညီတွေ အတူဖယ်ရှင်း၊
"အိုးစားဖော် အိုးစားဖက်"
သွေးသက်အပ်နှင်း။
- နယ်ချဲ့ရန် ဖက်ဆစ်ဘေး
ကံမှေးခဲ့ တစ်ခါဆီ၊
အားလုံးရန် အားလုံးခွင်း
သွေးရင်းနောင်ညီ၊
လွတ်လပ်ရေး ပန်းတိုင်ဆီ
လှမ်းချီခဲ့ တူတကွ၊
"သွေးစည်းဖော် သွေးစည်းဖက်"
တွဲလက်ခိုင်ကြ။
- ကိုယ့်နိုင်ငံ ငြိမ်းချမ်းရေး
ရေရှည်တွေး ဆောင်ရွက်မည်၊
"မင်း - သူ - ငါ" စကားလုံး
မသုံးတော့ပြီ၊
"တို့တွေ" လို့ ဆိုကြမည်
အားလုံးသည် အတူတူမို့၊
"ဆွေးနွေးဖော် ဆွေးနွေးဖက်" မို့
တွဲလက်တွေ အစဉ်ယှက်
ရှေ့ဆက်ချီစို့။
- ကောင်းခြင်းတွေ စုံလင်စွ
ချစ်ခင်ကြ တို့နောင်ညီ
နိုင်ငံတော် ဖွံ့ဖြိုးဖို့
ကြိုးပမ်းကြမည်၊
ငြိမ်းချမ်းမှု စည်ပင်မည်
တိုးတက်မည် ပြည့်စီးပွား၊
ယမ်းခိုးတွေ အစဉ်ကင်းအောင်
ရှင်းကြစို့လား။ ။

(၁၁) နှစ်မြောက် NCA နှစ်ပတ်လည်နေ့ အထိမ်းအမှတ်

မောင်စိမ်းနောင်(လယ်ဝေး)

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံတစ်လုံးအား ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးသွားမည်

နေပြည်တော် အောက်တိုဘာ ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM)များ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ်အဆောက်အအုံ တစ်လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် ငါးထပ်အဆောက်အအုံ နှစ်လုံးအား ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံတစ်လုံးမှာ ဖြိုချဖျက်ဆီးမှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးမှာ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ၁၃ ထပ် အဆောက်အအုံတစ်လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန်ကျန် အဆောက်အအုံများအား စနစ်တကျ ဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်







## ရေပန်းအလှဆင်မီးလုံးများနှင့် ဝိုင်ယာကြိုးများ ခိုးယူသွားသူများအား အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထား

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) အနေဖြင့် မြေသားမိုးရေစုကန်များကို သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ပြည်သူများ သန့်ရှင်းသော ရေရယူသုံးစွဲနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ဒလမြို့နယ်အတွင်းရှိသောက်သုံးရေကန်များကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အများပြည်သူ အပန်းဖြေအနားယူချိန်တွင် စိတ်ကြည်လင်လန်းဆန်းစေရန်နှင့် မျက်စိပသာဒဖြစ်စေရန် ရည်ရွယ်တပ်ဆင်ထားသော ဒလမြို့ ဘုရင့်နောင်ရပ်ကွက်ရှိ ဘုရင့်နောင်ကန်၌ ရေပန်းအလှဆင်မီးလုံးများ၊ စက်မြေရပ်ကွက်ရှိ စည်ပင်မင်္ဂလာကန်အမှတ်(၁) နှင့် စည်ပင်မင်္ဂလာကန်အမှတ်(၂) တို့တွင် တပ်ဆင်ထားသော ရေပန်းအလှဆင်မီးလုံးသို့ သွယ်တန်းထားသည့် ဝိုင်ယာကြိုးများသည် အောက်တိုဘာ ၉ ရက်နှင့် ၁၁ ရက်တို့တွင် ခိုးယူခြင်းခံရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒလမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားပြီး ခိုးယူသွားသူများအား အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

ထို့ပြင် ကန်သန့်ရှင်းသာယာရေးနှင့် ကန်လုံခြုံရေးတို့ကို ပြည်သူများအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## ပျော်ဘွယ်မြို့နယ်၌ ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများနှင့် ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့၌ ငွေကျပ် သိန်း ၆၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၂

ပျော်ဘွယ်မြို့နယ်၌ ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများနှင့် ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့၌ ငွေကျပ် သိန်း ၆၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



စိုးမင်း၊ စိုင်းလုံဝမ်း၊ လင်းထက်အောင်၊ ရှမ်းကြီး(ခ)ဘမော်နှင့် ဇင်မင်းထွေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် သတင်းအရ ပျော်ဘွယ်မြို့နယ် တောင်ဂွရွာအနီးတွင် သာစည်မြို့နယ်ပြည်ညောင်ရွာနေ စိုးမင်း(၄၈)နှစ် မောင်းနှင်လာသော CZI 125 အမျိုးအစား ဆိုင်ကယ်နှင့် ညောင်ရွှေမြို့နယ် လုံကန်ရွာနေသူများဖြစ်သည့် စိုင်းလုံဝမ်း(၂၂)နှစ် မောင်းနှင်ပြီး လင်းထက်အောင် (၂၂)နှစ် လိုက်ပါလာသော Honda 100 အမျိုးအစား ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်နှစ်စီးပေါ်မှ ၎င်းတို့သယ်ဆောင်လာသည့် ဘိန်းစိမ်း ၂၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၃၇ ဒသမ ၅ သိန်း)နှင့် ဘိန်းဆီခဲ ၁ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၂၅သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၃၇ ဒသမ ၅ သိန်း) တို့အား သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ သယ်ဆောင် ရောင်းဝယ်ရာတွင် ပူးပေါင်း ပါဝင်သူများဖြစ်သည့် ညောင်ရွှေမြို့နယ် ကုလားကုန်းရွာနေ ရှမ်းကြီး(ခ) ဘမော်(၄၂)နှစ်အား သာစည်မြို့နယ် ချောက်ခွဲကျေးရွာအနီးတွင် Toyomax ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီတွင် ကောလင်းမြို့နယ် ချဉ်ပြစ်ခုံရွာနေ ဇင်မင်းထွေး(၃၄)နှစ်အား အမရပူရမြို့နယ် မြစ်ငယ်-မန္တလေး - စစ်ကိုင်းသွားလမ်းဆုံတွင်လည်းကောင်း ဖမ်းဆီးရမိသဖြင့် စိုးမင်း၊ စိုင်းလုံဝမ်း၊ လင်းထက်အောင်၊ ရှမ်းကြီး(ခ) ဘမော်နှင့် ဇင်မင်းထွေးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ ကြည့်မြင်တိုင်မြို့နယ် ဆေးငြိမ်းရပ်ကွက် ကမ်းနားလမ်းတွင်တွေ့ရှိသူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အပြင်ပဒုံရွာနေ အောင်မျိုးဦး (၂၇)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆ သိန်း)အား သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ယင်းနေ့ညနေ ၄ နာရီခွဲတွင် လှိုင်မြို့နယ် (၃)ရပ်ကွက် (၁၁) လမ်းတွင် ထန်းတပင်မြို့နယ် သရက်ခြံရွာနေ ထွန်းထွန်းလင်း (ခ) ကောက်ကွေး (၄၈)နှစ်ထံမှ စိတ်ကြွဆေးပြား ၁၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၄ သိန်း)အားလည်းကောင်း၊ ညနေ ၆ နာရီတွင် သန်လျင်မြို့နယ် ကညင်ပင်ရွာနေ ရဲဝင့်အောင်(ခ) ကိုရဲ (၃၅)နှစ်အား အဆိုပါနေရာ၌ စိတ်ကြွဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၆၀၀) အားလည်းကောင်း ထပ်မံ သိမ်းဆည်းရမိသဖြင့် အောင်မျိုးဦး၊ ထွန်းထွန်းလင်း(ခ) ကောက်ကွေးနှင့် ရဲဝင့်အောင် (ခ) ကိုရဲတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ်ဝက်စာမေးပွဲများ စတင်ကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၂

သာသနာရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဒီပလိုမာ (ဗုဒ္ဓဓမ္မ)တန်းမှ ဒုတိယနှစ်ဝိဇ္ဇာတန်း အထိ ပထမနှစ်ဝက်စာမေးပွဲများကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ စာသင်ဆောင်များ၌ စတင်ကျင်းပသည်။

အဆိုပါစာမေးပွဲများသို့ပြည်တွင်းပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်စုစုပေါင်း ၂၁၆ ပါး/ဦး ဝင်ရောက် ဖြေဆိုလျက်ရှိကြပြီး စာမေးပွဲများကို အောက်တိုဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

စာမေးပွဲများ ကျင်းပနေမှုကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ် (သင်ကြား)ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနောဓိဉာဏ အမှူးပြုသော သင်ကြား ဆရာတော်ကြီးများ၊ ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တာဝန်ရှိသူများက ကွင်းရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ် ၁၀၀၀၀ ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀ နှင့် ၀၁-၈၆၀၄၇၅၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ဟားခါး အောက်တိုဘာ ၁၂

အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စားရေရိက္ခာပြတ်လပ်နိုင်မှု၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အစီအမံနှင့် ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် မျှတမှုရှိရေးတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ရှိသကဲ့သို့ ကာလတို၊ ကာလရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများရှိရမည်ဖြစ်ကြောင်း၊ အယ်လ်နီညိုနှင့်ပတ်သက်၍ အသိပညာဗဟုသုတများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုအပ်ကြောင်းလည်း ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါအစည်းအဝေးတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာန ၁၇ ခုမှ ပြည်နယ်အဆင့် တာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေစဉ်အတွင်း တုံ့ပြန်ဆောင်ရွက်မည့် အစီအမံများနှင့် သဘာဝဘေးကျရောက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများက အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကြံခင်းမြို့၌ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

ကြံခင်း အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြို့နယ်ဘဏ်ခွဲ) တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သီးထပ်စွမ်းအား မြှင့်တင်ရေးအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့ နံနက်ပိုင်းက ကလို့ကွင်းကျေးရွာအုပ်စုရှိ တောင်သူများအား ထုတ်ချေးခဲ့သည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ) မြို့နယ်မန်နေဂျာက တောင်သူ ၁၄၁ ဦးအား ပဲမျိုးစုံစိုက်ဧက ၆၄၅ ဧက အတွက် ငွေကျပ် ၁၆၁၂ ဒသမ ၅၀ သိန်း ထုတ်ချေးပေးခဲ့သည်။

အဆိုပါ ဆောင်းရာသီချေးငွေများကို ပဲမျိုးစုံတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်း၊ နှမ်းစပါး တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ထုတ်ချေးခဲ့ပြီး ယနေ့အထိ ပဲမျိုးစုံစိုက်ဧက ၂၀၇၉ ဧက၊ တောင်သူ ၃၆၇ ဦးအား ငွေကျပ် ၅၁၉၇ ဒသမ ၅၀ သိန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဦးရဲတင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဂျီတီစီ ပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့သို့ရောက်ရှိပြီး စက်ရုံမှူးများနှင့် အရာထမ်းများအား တွေ့ဆုံ၍ ပုံနှိပ်လုပ်ငန်းများတွင် အရည်အသွေးပြည့်မီရေး၊ ကျောင်းသုံးဖတ်စာအုပ်များနှင့် ဌာနဆိုင်ရာပုံနှိပ်အပ်နှံမှုများအား အချိန်မီပုံနှိပ်ပြီးစီးရေး၊ ကြုံတွေ့လာနိုင်မည့် အယ်လ်နီညိုဖြစ်စဉ်အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ပုံနှိပ်စက်ရုံများတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးကာ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်တွင် ၂၀၂၅ ခုနှစ် အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် စာပေပညာရှင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကုန်းဝက်ချောင်းကျေးရွာရှိ ကျေးရွာချင်းဆက် ကမာတာလမ်းစမ်းကူးတံတားဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါတံတား၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တံတားအလှူရှင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မျိုးလှိုင်(တွံတေး)



## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဝဲ၊ ယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံ



ညောင်ရွှေ အောက်တိုဘာ ၁၂

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူအား အင်းလေးဒေသဝဲယာ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံ ပင့်ဆောင်ပွဲကို ယနေ့တွင် ရုပ်ရှင်တော်မြတ်များ သီတင်းသုံးစံပယ်တော်မူရာ နမ့်ဟူးရတနာစံကျောင်းတော်၌ ကျင်းပသည်။

ဒေသစာရီ ကြွချီအပူဇော်ခံ ပင့်ဆောင်ပွဲတွင် ညောင်ရွှေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောလွင်က ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲ၊ ယာ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံပါမည့်အကြောင်း လျှောက်ထားလွှာကို ဖတ်ကြား လျှောက်ထားပြီး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ် ပထမအဆူကို ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ကျော်ဟန်က လည်းကောင်း၊ ဒုတိယအဆူကို ကလောခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က လည်းကောင်း၊ တတိယအဆူကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်သူက လည်းကောင်း၊ စတုတ္ထအဆူကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ရဲမြင့်စိုးက လည်းကောင်း အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူအား အင်းသားရိုးရာဆွဲလှေ ၁၂ စင်းဖြင့် သတ်မှတ်ရေလမ်းခရီးအတိုင်း ပင့်ဆောင်ပူဇော်ကြပြီး ယနေ့တွင် ကြေးပေါ်ခုံစံကျောင်းတော်၌ တစ်ညတာ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်သည်။

ဆက်လက်၍ အောက်တိုဘာ ၁၃ ရက်တွင် အင်းတိန်စံကျောင်းတော်မှ ဟဲယာရွာမစံကျောင်းတော်သို့ ဆက်လက်ကြွချီအပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

## (၇၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၂၂၂၄၈၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၃၀၆၇၁၆၈ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒစရိယဆရာတော်ကြီး ကိုးပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော်အပါး ၁၇၀၊ အာဂုံပြန်စာရင်းသွင်းသံဃာ ၂၈၆ ပါး၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၆၇ ပါး စုစုပေါင်း ၇၄၂ ပါးတို့ ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးမှုမရှိစေရေးအတွက် သထုံမြို့နယ် ဝါးပါးရေလှောင်တမံကို ရေပိုလွှဲအမြင့် သုံးပေမြှင့်တင်၍ ရေသိုလှောင်နိုင်ရေး ဆောင်ရွက်ထားရှိ



မော်လမြိုင် အောက်တိုဘာ ၁၂

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အပေါ် သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးမှု မရှိစေရေးအတွက် သထုံမြို့နယ် ဝါးပါးရေလှောင်တမံကို ရေပိုလွှဲ အမြင့်သုံးပေမြှင့်တင်၍ ရေသိုလှောင်နိုင်ရေး ဆောင်ရွက်ထားရှိကြောင်း မွန်ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံကြံ့ခိုင်မှုရှိစေရေးနှင့် ရေပေးဝေနိုင်ရေး စနစ်တကျ အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ သထုံမြို့နယ် ထောင်မှူးကျေးရွာ ကွင်းအမှတ် (၅၁၄) ကျီတီကွင်း မြေဧရိယာ ၄၅ ဧကပေါ်တွင် သုဝဏ္ဏမွေးမြူရေးဇုန်ဆောင်ရွက်မည့်မြေနေရာကို လည်းကောင်း၊ ကြာပန်းကျေးရွာရှိ အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) Rubber Technology Shop ရှိ စာတွေ့လက်တွေ့ခန်းများကိုလည်းကောင်း၊ သထုံမြို့ရှိ ရွှေစာရံစေတီတော်မြတ်ကြီး သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အပေါ် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအနေဖြင့် အပူရှောင်စခန်း အမှတ် (၁) ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## လှည်းကူးမြို့နယ်၌ ရဟန်း၊ သာမဏေ၊ သီလရှင်များအား UID ကတ်များ ထုတ်ပေး

လှည်းကူး အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် နိဗ္ဗာန်ဆိပ်ဦးကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းက UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသည်။

လှည်းကူးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံးနေထိုင်နေသည့် သာသနာ့ဝင်ကတ်နှင့် သာသနာ့နွယ်ဝင်ကတ် ကိုင်ဆောင်လက်မှတ်ရရှိပြီးသူ ရဟန်း၊ သာမဏေ၊ သီလရှင်များအား Biometric Data ကောက်ယူ၍ UID ကတ် ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ခဲ့ရာ ရဟန်း/ သာမဏေ ၁၃၇ ပါးကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးမြို့နယ်ဦးစီးမှူးနှင့် မြို့နယ်သာသနာရေးမှူးတို့က UID ကတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

## ကျောက်ဆည်မြို့၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေကန်များ စစ်ဆေး



ကျောက်ဆည် အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေး ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ရပ်ကွက်များအတွင်း သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည့် ရေကန်များကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရေပေးဝေရေးမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ကန်များအတွင်း ရေဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## ဝါးခယ်မမြို့နယ်၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ဝါးခယ်မ အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ထန်းပင်စုကျေးရွာ၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းတွင် ကွန်ကရစ်ဘီးလမ်း အကျယ် နှစ်ပေ၊ အရှည် ၆၆၅ ပေစီရှိသော လမ်းနှစ်ဖက်၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅၃ သိန်း စုစုပေါင်းငွေကျပ် ၂၀၃ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် လုပ်ငန်းပြီးစီးမှု ၇၅ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။

ဝါးခယ်မ(ကျေး/လက်)

# ဖက်ပင်အိုင်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ သက်တော် ၈၉ နှစ်၊ သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက်ပဓာနနာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ သက်တော် ၈၉ နှစ်၊ သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် (၁၂-၁၀-၂၀၂၆)၊ တနင်္လာနေ့၊ နံနက် ၀၂ နာရီ ၂၅ မိနစ် တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဝါသေဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာ ခမည်းတော် ဦးအောင်မြင့် + မယ်တော် ဒေါ်ဖွားအိမ်တို့က ၁၂၉၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်း ပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်တွင် မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာ ရွာဦးကျောင်းတိုက်အုပ် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပတ္တမြားကျောင်းတိုက် ခဏ္ဍသိမ်၌ မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာ ရွာဦးကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ချမ်းအေးသာစံမြို့နယ်နေ ဦးကွန်းစိန်+ ဒေါ်သက်ရှည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တမေဃိယ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ၊ ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တကောသလ္လ၊ ဘဒ္ဒန္တဓမ္မပဇ္ဇောတ၊ မန္တလေးမြို့ ငွေတောင်တိုက် ဓမ္မရက္ခိတရွှေဇီးကွက်အုဋ္ဌကျောင်း ဆရာတော် ဘဒ္ဒန္တသုဓမ္မ၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ၊ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ မဟာဝေယံဘုံသာတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝ၊ ဘုရားကြီးတိုက်ဆရာတော်၊ မြတောင်တိုက်ဆရာတော် စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့"ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သဃ်န်းကျွန်းမြို့နယ် ဖက်ပင်အိုင်စာသင်တိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဓမ္မာစရိယစည်းမျဉ်းအဖြေကျမ်းကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ တိပိဋကရွေးချယ်ရေးစာမေးပွဲ ပုစ္ဆကဆရာတော်အဖြစ်လည်းကောင်း၊ အစိုးရပါဠိပထမပြန် ပညာရေးဗဟိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အစိုးရဓမ္မာစရိယစာမေးပွဲ ပုစ္ဆကနှင့် စာစစ်ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာ ဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၁ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် (၁၂-၁၀-၂၀၂၆)၊ တနင်္လာနေ့၊ နံနက် ၀၂ နာရီ ၂၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

# မြစ်ကြီးနားမြို့တွင် အခြေခံပညာကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီနာယကဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲတွင် အခြေခံပညာကျောင်း ရှစ်ကျောင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။



အဆိုပါ ပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကျောင်းသူလေးများ၏ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) သုံးယောက်တွဲနှင့် ကိုးယောက်တွဲ ယှဉ်ပြိုင်မှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က နည်းပြများနှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဆုရအသင်းများအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် ထောက်ပံ့ကြေး ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ကချင်ပြည်နယ်အတွင်းရှိ ပရဟိတဂေဟာ ၁၅ ကျောင်း၊ ဘိုးဘွားရိပ်သာ သုံးခုတို့အတွက် ဆန်ဖိုးငွေကျပ် ၆၆၁၅၀၀၀၀၊ စားစရိတ်အဖြစ် ငွေကျပ် ၄၇၈၁၅၀၀၀၊ ဝတ်စုံစရိတ်အဖြစ် ငွေကျပ် ၁၃၁၀၀၀၀၀၊ ဂေဟာမှူးများ လစာအဖြစ် ငွေကျပ် ၁၄၄၀၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၂၈၅၀၅၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်အတွင်းရှိ ကိုယ်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၅ ကျောင်း အတွက် တစ်ကျောင်းလျှင် ၁၀၆၀၀၀၀ ဖြင့် စုစုပေါင်း ထောက်ပံ့ကြေးငွေကျပ် ၁၉၇၄၀၅၀၀၀ ကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက် ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

✪ ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ)ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းလိုက် ခတပြိုင်ပွဲ ဗိုလ်လုပွဲ၊ လူသစ်တန်း အနုတ် ၆၇ ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အကြီးတန်း အနုတ် ၆၀ ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြီးတန်း ခတပြိုင်ပွဲများနှင့် ကုမိတဲ့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် လူသစ်တန်းပြိုင်ပွဲတွင် ရွှေသုံးခု၊ ကြေးတစ်ခုဖြင့် လူသစ်တန်းဒိုင်း ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အကြီးတန်းပြိုင်ပွဲတွင် ရွှေလေးခု၊ ကြေးနှစ်ခုဖြင့် အကြီးတန်းဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် ဒိုင်းဆုများအား ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုကို ရွှေခုနစ်ခု၊ ကြေး သုံးခု ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းနှင့်ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆)အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲတွင် (၄) ပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ(၆)ချက် ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ အဆင့်အလိုက် ဘင်တန်ဝိတ်တန်း၊ လိုင်ဝိတ်တန်း၊ မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ (B)၌ အမျိုးသား/ အမျိုးသမီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း(၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တိုအတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသားပန်ကြပ်ဆီလပ် အတိုက် (ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက် ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက် (က)တန်း ဗိုလ်လုပွဲပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက် အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ ခွဲမှူးဆရာအဆင့် လုံ့ရှည်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် တပ်မတော်လက်ရေးစွမ်းရည်ပြပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများက တာဝန်သိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် မှာကြား



ဖလမ်း အောက်တိုဘာ ၁၂

ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက တာဝန်သိစိတ်ဓာတ်ဖြင့် လုပ်သင့်လုပ်ထိုက်သည်များ ပူးပေါင်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ယနေ့တွင် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖလမ်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့အတူ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက ဝက်သက်/ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များက မိမိတို့ရပ်ကွက်/ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် တက်ရောက်လာကြသည့် ဒေသခံများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကွန်ပေါင်းဓာတ်မြေဩဇာ အထုပ် ၇၀၊ ကော်ဖီမျိုးစေ့ ငါးကီလိုအိတ် ၁၀ အိတ်၊ ဟင်းသီးဟင်းရွက်မျိုးစေ့ ၂၃၆ ထုပ်၊ ဆီထွက်ပဲပုပ်တစ်တင်း၊ နှမ်းမျိုးကောင်းမျိုးသန့် ရှစ်ပြည် ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဆူရုံဘုန်လေဆိပ်အဆောက်အအုံများ တစ်စိတ်တစ်ပိုင်းပျက်စီးမှု၊ လေယာဉ်ပြေးလမ်း အချက်ပြမီးများ ဖျက်ဆီးခံရမှု၊ လေကြောင်းထိန်းစက်ပစ္စည်းပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ☆ လီဗာပူးမှ

လီဗာပူးအသင်းဟာ အိမ်ကွင်းအန်ဖီးလ်မှာ အနိုင်သုံးမှတ်ရရှိရေး ကြိုးပမ်းခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်မှာ ဂရာဗန်ဘာ့ချ်နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရလို့ ကစားသမားတစ်ယောက်လျော့ဖြင့် ကစားခဲ့ရတာကြောင့် အိမ်ကွင်းရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ပွဲစဉ်အားလုံး အနိုင်ရရှိကာ ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်ကိုးမှတ်သာ ရရှိခဲ့လို့ အမှတ်ပေးဇယားအဆင့်(၉)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

## ❊ M-League II မှ

အခမ်းအနားတွင် မြန်မာလိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက အမှာစကားပြောကြားပြီး ၂၀၂၆-၂၀၂၇ ရာသီ M-League II ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအား တစ်သင်းချင်းစီအလိုက် မိတ်ဆက်သည်။ ယင်းနောက် မြန်မာလိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ၁၀ သင်းအား ဘောလုံးများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများ၊ ကလပ်အသင်း တာဝန်ရှိသူများနှင့် ကစားသမားများ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ ပြင်ဆင်မှုများနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။




မြန်မာလိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း ပြိုင်ပွဲဝင်အသင်းများအား ဘောလုံးများ ထောက်ပံ့ပေးအပ်စဉ်။

၂၀၂၆-၂၀၂၇ ရာသီ M-League II ပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး Asia Lion အသင်း၊ Elite Kings အသင်း၊ Enjoy Brother အသင်း၊ Junior Lions အသင်း၊ မနောအသင်း၊ ရခိုင်ယူနိုက်တက်အသင်း၊ ရှိုင်ရယ်ဒဂုံအသင်း၊ တက္ကသိုလ်အသင်း၊ VUE နေပြည်တော်အသင်း၊ ရာမညယူနိုက်တက်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် အောက်တိုဘာ ၁၅ ရက်တွင် YUSC ကွင်း၌ Asia Lion အသင်းနှင့် ရာမညယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် Elite Kings အသင်း၊ ပဒုမ္မာကွင်း၌ မနောအသင်းနှင့် VUE နေပြည်တော်အသင်း၊ အောက်တိုဘာ ၁၆ ရက်တွင် တက္ကသိုလ်ကွင်း၌ Enjoy Brother အသင်းနှင့် ရှိုင်ရယ်ဒဂုံအသင်း၊ အောက်တိုဘာ ၁၇ ရက်တွင် တက္ကသိုလ်ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - စိုးညွန့်သော်

## ✷ M-League မှ

ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးအနိုင်ရရန် ကြိုးပမ်းခဲ့ပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ကျော်ညီညီက အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် ၁၉ ဒုတိယနေ့ကို အောက်တိုဘာ ၁၃ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ Galaxy အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ML

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် -၄၄ယ/၁၁၈၂၈ အမျိုးအမည် Honda Scoopyi အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်မင်းလွင် မှတ်ပုံတင်အမှတ် [၅/ကနန(နိုင်)၁၂၉၆၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၂၀၂၊ ဧရိယာ(၀. ၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမြသန်း[၁၂/ဒပန(နိုင်)၀၂၈၉၄၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြသန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်ဌေး[၁၂/ဒပန(နိုင်)၀၂၈၉၄၄]မှ ခင်ပွန်းကွယ်လွန်ပြီးနောက် ဖော်ပြပါမြေကွက်ကို ၎င်း(၁)ဦးတည်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ ဦးမြသန်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများနှင့် ကြီးကြပ်ကျောင်းအုပ်ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဦးစွာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ ရောက်ရှိရာ CONFERENCE HALL ခန်းမ၌ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သမိုင်းအကျဉ်း၊ ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့ပြင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်တွင် ပြသထားသည့် ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးစနစ် ပြောင်းလဲမှုပြဇယားများ(အကျဉ်းချုပ်)၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာ၊ စာချုပ်စာတမ်းများပြခန်း၊ မှတ်တမ်းနှင့်မော်ကွန်းအထောက်အထားများအား Digital Format ဖြင့် ပြောင်းလဲသိမ်းဆည်းခြင်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခြင်းပြခန်းတို့ကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး ပြခန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစာကြည့်တိုက်သို့ရောက်ရှိရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးက အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် အလင်္ကာကျော်စွာစည်သူ တက္ကသိုလ်မြတ်သူစာစုခန်း၊ အလှူရှင်စာစုခန်း၊ အာဆီယံပြခန်း၊ ကလေးစာဖတ်ခန်း၊ ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာများ၊ အီလက်ထရွန်နစ် စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ Bibliographic Services ဌာနစိတ်၊ ပေ၊ ပုရပိုက်ဌာနစိတ်တို့ကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ပြခန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ယမန်နေ့နံနက်ပိုင်းက တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သမိုင်းပြတိုက်သမိုင်းနှင့် ပြခန်းများ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့်တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားရင်ပြင်တော်ပတ်လည်အတွင်း ကြည့်ရှုလေ့လာခဲ့ကြပြီး ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## မိဘအမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (ပုတိန်ရိုး/ဖော်ဖ)ကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မမေမြတ်သော်၏ မိဘအမည်မှန်မှာ စောနိုင်ဦး[၇/ကတခ(နိုင်)၁၁၇၄၁၅]နှင့် နော်ခင်စန္ဒာဝင်း [၁၀/ဘလန(နိုင်)၁၀၃၁၇၈] ဖြစ်ပါကြောင်း။

**စောနိုင်ဦး+နော်ခင်စန္ဒာဝင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ ပညာပျိုးဥယျာဉ်ကိုယ်ပိုင် အလယ်တန်းကျောင်း Grade-8မှ မယွန်းရတီဦး၏ ဖခင်အမည်မှန်မှာ စောအဲ့ကလိုဝါး(ခ) ဦးအောင်ဝင်းထွန်း [၃/ဘအန(နိုင်)၂၉၃၇၅၄] ဖြစ်ပါကြောင်း ။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၃)၊ ဦးပိုင်အမှတ်(၄၆)၊ ၅၅x၅၆ကြား၊ ၁၃၅x၁၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်ကြည်(ခ)မြင့်ကြည်ကြည်[၇/ပခန(နိုင်) ၁၁၉၀၈၉]က အမှုတွဲအမှတ်(၂၈၉၁/ ၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၉၈)ခဲစင်း၊ ၅၃x၅၄ကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးအောင်နေလင်း၊ ဒေါ်နန်းစန်းစန်းညွှန့်တို့၏ (SP ရရှိသူ ဦးအောင်ဌေးသင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၃၄/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းအိုက်ဖန်[၁၃/မဆတ(နိုင်)၀၀၃၈၂၅]က အမှုတွဲအမှတ် (၂၈၅၉/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၉၈)ခဲစင်း၊ ၅၃x၅၄ကြား၊ ၁၁၀ x၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးအောင်နေလင်း၊ ဒေါ်နန်းစန်းစန်းညွှန့်တို့၏ (SPရရှိသူ ဦးအောင်ဌေးသင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၃၄/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းအိုက်ဖန်[၁၃/မဆတ(နိုင်)၀၀၃၈၂၅]က အမှုတွဲအမှတ်(၂၈၆၀/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၃)၊ ဦးပိုင်အမှတ်(၁၈)၊ ၄၆x၄၇ကြား၊ ၁၀၆x၁၀၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကေသွယ်ဝင်း [၁၃/ကမန(နိုင်)၀၆၀၃၄၃]က အမှုတွဲအမှတ် (၂၈၈၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၈)၊ ဦးပိုင်အမှတ်(၃+၁၆)၊ ၅၈x၅၉ကြား၊ ၁၂၇x၁၂၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျန်ရှောင်ချင်း [၁၃/တယန(နိုင်)၀၁၆၃၉၂]က အမှုတွဲအမှတ်(၂၈၈၉/၂၀၂၆-၂၀၂၇) ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ)၊ ဦးပိုင်အမှတ်(၇၆)ခဲစင်း၊ ၅၄x၅၅ကြား၊ ၁၁၀ x၁၁၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်ကြီးတင်ဌေး၏ (SPရရှိသူ ဒေါ်စန်းစန်းဌေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၀၅၀/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချွာရင်ဟုတ် (ခ)ယဉ်ယဉ်ဝင်း [၉/ခအဇ(ဧည့်)၀၀၀၁၂၂] က အမှုတွဲအမှတ်(၂၈၈၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း"

ယာဉ်အမှတ်-7D/6616 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**က-ည-န၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၁၃၄၁၅)၊ မြေဧရိယာ(၀.၁၄၆) ဧကရှိ ဒေါ်ဝင်းမျိုးထက် (ဘ) ဦးမျိုးညွန့် [၉/ကဆန(နိုင်)၀၀၀၀၁၆]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဝင်းမျိုးထက် မှ ဒေါ်တင်မမထွန်း (ဘ) ဦးထွန်းကြည် [၁၃/တကန(နိုင်)၁၁၅၂၀၇]နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၆)၊ ဦးပိုင်အမှတ်(၆၃)ခဲစင်း၊ ၆၀လမ်း၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းလိတ်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၀၀/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သော ဦးအံ့မော် [၉/အမဇ (နိုင်)၀၂၂၁၇၀]၊ ဒေါ်သင်းအိဖြူ [၉/စကန(နိုင်)၀၉၁၃၈၂]တို့က အမှုတွဲအမှတ် (၂၈၅၈/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်-(ညည-၃၇)၊ ဦးပိုင်အမှတ်-(၃၆)ခဲစင်း၊ ၅၅x၅၆ ကြား၊ ၁၁၈x ၁၁၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးတင်ဝင်း [၉/မနတ(နိုင်)၀၇၂၇၅၄]က အမှုတွဲအမှတ် (၂၈၉၀/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် ရပ်ကွက်၊ အကွက်အမှတ်-(ဆဆ-၁၃)၊ ဦးပိုင်အမှတ်- (၁၇)၊ ၄၆x ၄၇ ကြား၊ ၁၀၆x ၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေသွယ်ဝင်း[၁၃/ကမန(နိုင်)၀၆၀၃၄၃]က အမှုတွဲအမှတ် (၂၈၇၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်-(ဠ-၃)၊ ဦးပိုင်အမှတ်- (၁၁)၊ ၇၀ x ၇၁ ကြား၊ ၁၁၇x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေဦးခိုင် [၁၃/နခတ(နိုင်)၀၅၆၁၂၅]က အမှုတွဲအမှတ် (၂၈၄၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်-(ဏ-၄)၊ ဦးပိုင်အမှတ်- (၉၂)၊ ၆၃ x ၆၄ ကြား၊ ၁၀၅x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီစိန်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၇၇၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထားထားဝေ[၉/မကန(နိုင်)၀၆၃၈၁၃]က အမှုတွဲအမှတ် (၂၈၈၅/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၄) အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း Grade-11 မှ (ဘ) ခွန်မောင်ဆွမ်း [၁၃/လလန(နိုင်)၀၇၇၁၅၃]၏ သား မောင်ခွန်အောင်မျိုးဝင်း၏ အမည်မှန်မှာ ခွန်အောင်မျိုးဝင်း [၁၃/လလန(နိုင်)၁၄၁၁၆၁] ဖြစ်ပါကြောင်း။

**ခွန်အောင်မျိုးဝင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၁၆)၊ ဦးပိုင်အမှတ်- (၂၉)၊ ၄၇ x ၄၈ ကြား၊ ၁၀၈x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သောင်း၏ (SP ရရှိသူ ဒေါ်ယဉ်မြ (ခ) ဝင်းတင်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၁၀၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခိုင်စုလွင် [၁၂/မဂဒ(နိုင်)၀၉၃၄၈၄] က အမှုတွဲအမှတ် (၂၈၃၉/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင် အမှတ်(၈၉-ခ)၊ ၆၃ x ၆၄ ကြား၊ ၁၀၅x ၁၀၆ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်နန္ဒာနေမျိုးအေးထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၁၇၇၉/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထားထားဝေ [၉/မကန(နိုင်) ၀၆၃၈၁၃] က အမှုတွဲအမှတ် (၂၈၈၄/၂၀၂၆-၂၀၂၇) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-(ဓဓ-၁)၊ ဦးပိုင် အမှတ်- (၂၇)၊ ၅၉လမ်း၊ ၁၀၇x ၁၀၈လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးကိုကိုနိုင် [၉/သစန(နိုင်)၁၁၁၇၀၈]က အမှုတွဲ အမှတ် (၂၈၈၃/ ၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၂၉)၊ ၇/မိုင်ကွန်ဒို Basement +RC (၂၁)ထပ်ခွဲ အဆောက်အဦမှ အခန်းအမှတ် (၂၀၀၆)၊ (၂၀)လွှာ၊ ဧရိယာ (၁၁၁၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီရိခင်မောင်ထွေး [၁၂/ဗဟန(နိုင်)၀၉၀၃၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

## ဒေါ်ဥမ္မာခင်[၁၂/ဥကမ(နိုင်)၁၄၅၇၉၂]နှင့် အများသိစေရန်ကြော်ငြာ

ကျွန်ုပ်မိတ်ဆွေ ဦးအာကာသန်း[၁၂/ဥကမ(နိုင်)၂၅၉၆၅၅]သည် မိဘများဖြစ်သော ကျန်းမာရေးမကောင်းသူ ဖခင်ဦးသန့်ဇင်၊ မိခင် ဒေါ်ဥမ္မာခင်နှင့် မိသားစုအား လူပျိုဘဝဖြင့် ပြည်ပထွက်၍ အလုပ်လုပ်ကာ ရှာဖွေရရှိသမျှ မိခင်ထံ လွှဲပြောင်းပေးအပ်ကာ လိုလေသေးမရှိ ရှာဖွေကျွေးမွေးခဲ့ပါသည်။ ခေတ္တတာဝန်မှနား၍ အိမ်ပြန်ရောက်ချိန် မိခင်ထံ၌ စုဆောင်းထားငွေမရှိသည့်အပြင် အကြွေးငွေများစွာရှိနေ၍ ကျွန်ုပ်မိတ်ဆွေမှဖြေရှင်းပေးဆပ်ခဲ့ရသည်မှာ အကြိမ်ကြိမ်ရှိပြီဖြစ်သည့်အပြင် ယခုထပ်မံ၍ ငွေကြေးအရှုပ်အရှင်းများရှိနေကြောင်း ကြားသိရသည်ဖြစ်ရာ မိခင်ဒေါ်ဥမ္မာခင်၏ မည်သည့်ငွေကြေးကိစ္စကိုမဆို ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၄ )**
**အမှတ်-၁၁၈၊ မဈေးလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၀၈၄၈၅၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဦးဆီတံပရွှမ်း)နှင့် ဒေါ်နီလာအောင်(ဘ) ဦးဂူဂူးဆာမိ [၁၀/မလမ(နိုင်)၂၃၅၃၉၇]တို့၏ သားများဖြစ်ကြသော ဦးနေလင်းအောင် [၁၀/မလမ(နိုင်)၂၃၈၃၈၅]နှင့် ဦးစိုးစည်သူအောင်[၁၀/မလမ(နိုင်)၂၈၀၀၈၃]တို့သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းတို့နှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင် (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၀၂)**
**အမှတ်(၈၉)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၇၉၆၅၈၇၃၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်-(ပပ-၂၃)၊ ဦးပိုင်အမှတ်- (၆၄)၊ ၆၇ x ၆၈ကြား၊ ၁၃၅ x ၁၃၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်လွင်[၉/မရတ(နိုင်)၀၆၁၅၇၂]က အမှုတွဲအမှတ် (၂၈၄၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ်-(ဈ-၆)၊ ဦးပိုင်အမှတ်(၆၃)ခဲစင်း၊ ၆၀လမ်း၊ ၁၀၉x ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းလိတ်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၀၁/၂၀၂၆)ဖြင့်ဝယ်ယူခဲ့သော ဦးကျော်ဝေ [၉/မရတ(နိုင်)၀၀၆၅၈၆]၊ ဒေါ်မိမိလေး[၉/မရမ(နိုင်) ၀၄၀၆၀၆]တို့က အမှုတွဲအမှတ် (၂၈၅၇/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ)၊ ဦးပိုင်အမှတ်- (၉၂)၊ ၅၄ x ၅၅ ကြား၊ ၁၁၀x ၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ကျော် [၉/မရမ(နိုင်)၀၁၅၀၆၇]က အမှုတွဲအမှတ် (၂၈၃၈/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ ဒေင်အဆောက်အဦ၏ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၄၂)ဟု ခေါ်တွင်သော အကျယ်အဝန်း(၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးမျိုးဇော်ထွန်း [၁၂/ရပသ(နိုင်)၀၈၇၉၄၆]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်သူအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝဏ္ဏစည်သူမိုး**
**အထက်တန်းရှေ့နေ (စဉ်-၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန် (City Loft) ၊ တိုက်အမှတ် (CL-7)(A-2) ၊ အခန်းအမှတ် (402) (၄-လွှာ)၊ (3 Bedrooms) Fully Furnished၊ ဧရိယာ (၈၅၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်း တိုက်ခန်း၌တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသုတဇော် [၁၄/ဓနဖ(နိုင်) ၁၇၆၄၆၈] နှင့် ဒေါ်ဝင့်မြတ်သွယ် [၁၂/ဒဂမ (နိုင်) ၀၄၆၆၉၄]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဝေယံဖြိုး [၁၂/သခန(နိုင်) ၁၁၅၉၂၄] နှင့် ဒေါ်ယုယခိုင်မာ [၁၄/လပတ(နိုင်) ၁၈၇၇၁၅]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒို တိုက်ခန်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ -**
**ဦးဝေယံဖြိုး ၊ ဒေါ်ယုယခိုင်မာ**
**၀၉- ၉၆၂၈၅၄၇၁၃၊**
**၀၉-၇၉၀၇၂၀၄၄၄**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၈၁၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊**
**၃/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၆၅၉၃၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၅)၊ ဦးပိုင်အမှတ်(၁-ဠ)၊ ၃၁လမ်း၊ ၆၈x၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းအောင်ဖေ [၉/မရမ(နိုင်)၀၃၁၈၉၃]က အမှုတွဲအမှတ်(၂၉၀၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၅၃-က)၊ ၃၉x၄၀ကြား၊ ၅၆x၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးညွန့်ဦး [၉/မရတ(နိုင်)၀၆၅၈၈၅]၊ ဒေါ်ခင်ခင်လှိုင် [၉/မရတ(နိုင်)၀၆၅၈၈၆]တို့က အမှုတွဲအမှတ်(၂၈၆၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(တ-၁)၊ ဦးပိုင်အမှတ်(၃၄-က)၊ ၆၄x၆၅ကြား၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးမြမြလွင် [၉/အမဇ(နိုင်) ၀၀၀၉၈၅]၊ ဒေါ်စိုးသီတာလွင်[၉/မနမ(နိုင်)၁၂၂၇၃၄]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၃)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၃၆လမ်းမျက်နှာပြု၊ ၇၇x၇၈လမ်းကြားရှိ ဦးဇော်ဝင်းဖေ အမည်ပေါက် ဂရန်မြေကွက်အား ဦးဇော်ဝင်းဖေ၊ ဇနီး ဒေါ်ခင်ဆွေဦးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၇၁/၂၀၀၁)ဖြင့် ဝယ်ယူခဲ့သူ (မိခင်)ဒေါ်ရွက်ခိုင် (KLG-၀၀၅၆၅၂) [၉/မရမ(နိုင်)၀၇၄၇၁၁]မှ အငယ်ဆုံးသားအရင်းဖြစ်သူ ဦးစိုင်းကျော်ဝင်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံပြ၊ မြေကွက်အမှတ်(၁၉၆)ဟုအမည်တွင်သော (အရပ်ခေါ်) အမှတ်(၁၉၆ )၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် (၂၅'x၅၀')အကျယ်ရှိ မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့သည် ( ၂၁-၁၂-၂၀၁၅ )နေ့စွဲပါ "Rose City မှ အခန်းပေးအခန်းယူ ကန်ထရိုက်စနစ်ဖြင့် (၆)ထပ်တိုက်သစ် (၁) လုံး ဆောက်လုပ်ခြင်းကတိစာချုပ်"ဖြင့် တရားဝင်ဆောက်လုပ်ပြီးသောတိုက်ဖြစ်ပါသည်။ ထိုသို့ ဆောက်လုပ်ရာ၌ ကန်ထရိုက်တာ ဦးမောင်မောင်(AKB-၂၁၀၁၃၁)နှင့် ဒေါ်ချိုချိုမာ [၁၂/မဂတ(နိုင်) ၁၀၉၀၆၄]တို့မှ ရရှိသောအခန်းများအနက်မှ ၂-လွှာ/ပထမထပ် (ခေါင်းရင်းခြမ်း)၊ (၁၂½'x ၄၇')အကျယ်ရှိ တိုက်ခန်းကို ကန်ထရိုက်တာများထံမှ ဒေါ်သီတာထွန်း [၇/ရတန(နိုင်)၁၀၂၉၀၄]က (၁၈-၃-၂၀၁၈)ရက်စွဲပါ "Rose City ဆောက်လုပ်ရေးမှ ရရှိသောအခန်းပြောင်းရောင်းချခြင်းကတိစာချုပ်"ဖြင့် ရောင်းချသူမှ ဝယ်ယူပိုင်ဆိုင်လျက်ရှိကြောင်း၊ အရှုပ်အရှင်းများကင်းရှင်းကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့်အဝ ရှိကြောင်း မြွက်ဟထုတ်ဖော်ဝန်ခံကတိပြုသူ ဒေါ်သီတာထွန်း [၇/ရတန(နိုင်)၁၀၂၉၀၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း/စာရွက်စာတမ်း(မူရင်း)များနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဘိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးခိုင်ဇင် ( LL.B, D.B.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၂၄)**
**တိုက်အမှတ်(၁၈)၊ အခန်းအမှတ် (၂၃)၊ မလိခအိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၄၇၂၃၅၇၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/က၊ မြေကွက်အမှတ်-၁၈၀/က၊ ခရေလမ်းဟုခေါ်တွင်သော ဦးအောင်မောင်း (SLN-113898) အမည်ပေါက် အကျယ်အဝန်း(၂၀ပေx၆၀ပေ)အနက်မှ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၁၇၉/ခ)နှင့် ကပ်လျက် အကျယ်အဝန်း(၁၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် (၁)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ရည်ညွှန်းလိပ်စာပါ အိမ်နှင့်မြေကို အမည်ပေါက်ထံမှ အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးမိုးကျော် [၁၂/ဥကတ(နိုင်) ၀၈၃၁၄၂]မှ လက်ရှိထားနေထိုင်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဖူးသီရိနိုင် [၁၂/ဒဂတ(နိုင်) ၀၈၂၁၃၃]နှင့် ဒေါ်ပွင့်သီရိနိုင် [၁၂/ဒဂတ(နိုင်) ၀၈၂၁၂၂]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်တိကျခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဒေါ်ဖူးသီရိနိုင် ၊ ဒေါ်ပွင့်သီရိနိုင်**
**၀၉-၉၇၆၅၇၃၉၃၇၊ ၀၉-၆၉၇၀၈၇၃၇၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊**
**(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း -၀၉၄၃၀၆၅၉၃၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၉၇-ဃ)၊ ၁၉x၂၀ကြား၊ ကျုံးသွင်းရေမြောင်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဌေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၂၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းထွန်းအောင် [၉/ခအဇ(ပြု)၀၀၀၂၉၇]က အမှုတွဲအမှတ်(၂၈၇၆/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

